ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (11-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၅)

ဒိုတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်ဖွင့်လှစ်



နေပြည်တော် နိုဝင်ဘာ ၁၀

အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီဝေနှင့် ဒေါ်နန်းနီနီအေး၊

စာမျက်နှာ ၁၆ ကော်လံ ၁


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူလေးများ၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို ကြည့်ရှုအားပေးစဉ်။

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့ည‌နေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီး ပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများ တွေ့ဆုံမှုကြောင့် ယနေ့ည‌မှ နိုဝင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင်

စာမျက်နှာ ၂၁ ကော်လံ ၁



မိုးလေဝသနှင့်ဧလေဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ နိုဝင်ဘာ ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

အာကာသဆိုင်ရာပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကား



အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်လေ့လာ ကြည့်ရှုကြသည့် ကျောင်းသား၊ ကျောင်းသူ၊ ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ အောင်မြင်စွာ ကျင်းပခဲ့သည်။

အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့်နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

အာကာသနည်းပညာဆိုင်ရာ ပြခန်းများတွင် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊

စာမျက်နှာ ၂၁ ကော်လံ ၃

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

မျိုးဆက်သစ်တို့၏ အသိပညာနှင့်အတွေ့အကြုံကို မြှင့်တင်ပေးမည့်လေ့လာရေးခရီး

မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့်ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာစွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

လေ့လာရေးခရီးတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၏ တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော် (ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများနှင့် စစ်လက်နက်ပစ္စည်းများကို ကြည့်ရှုလေ့လာနိုင်သည့်အပြင် တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကိုလည်း လေ့လာကြည့်ရှုနိုင်ပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကိုပါ ကြည့်ရှုနိုင်ရေးစီစဉ်ပေးထားသည်။

ထို့ပြင် ပြတိုက်တာဝန်ရှိသူများက ပြတိုက်၏သမိုင်းကြောင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်းများ၊ ပြကွက်များ ခင်းကျင်းပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပေးပြီး လာရောက်လေ့လာသည့် ကျောင်းသား၊ ကျောင်းသူများက မေးမြန်းသော သိရှိလိုသည့်အကြောင်းအရာများကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သဖြင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်သမိုင်းဝင်ပစ္စည်းများ၏ နောက်ခံသမိုင်းကြောင်းနှင့် အရေးပါမှုများကို ပိုမိုနားလည်သိရှိခွင့်ရရှိခဲ့ကြသည်။

ယခုကဲ့သို့ လေ့လာရခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် စာအုပ်စာပေများမှတစ်ဆင့် သင်ယူရသည့် သမိုင်းအကြောင်းအရာများကို ကိုယ်တိုင်လေ့လာခွင့်ရရှိစေသည့်အတွက် စာတွေ့နှင့် လက်တွေ့ပေါင်းစပ်သင်ယူနိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သည်။ ထို့ပြင် သမိုင်းဝင်ပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ရုပ်ရှင်မှတ်တမ်းများကို ကြည့်ရှုလေ့လာခြင်းဖြင့် မိမိတို့၏နိုင်ငံ့သမိုင်းအပေါ် စိတ်ဝင်စားမှုပိုမိုကျယ်ပြန့်လာစေသည်။ ထို့ပြင် အခြားကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံရင်းနှီးခွင့်ရသဖြင့် လူမှုဆက်ဆံရေးနှင့် အတွေ့အကြုံဖလှယ်မှုတို့အတွက်လည်း အကျိုးရှိစေသည်။

သို့ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ တပ်မတော်က စီစဉ်ဆောင်ရွက်ပေးထားသော ယခုကဲ့သို့ လေ့လာရေးခရီးစဉ်များသည် ပညာရေးနှင့် ကျောင်းပြင်ပဗဟုသုတများကို ပေါင်းစပ်ပေးနိုင်သည့်အပြင် နိုင်ငံ့အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်လူငယ်များ၏ အသိပညာ၊ အတွေးအမြင်နှင့် အတွေ့အကြုံများကို မြှင့်တင်ပေးနိုင်သည့်အကျိုးရှိသော လေ့လာရေးခရီးပင်ဖြစ်ပါကြောင်း ဝမ်းမြောက်စွာဖြင့် ရေးသားလိုက်ရပေသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၉၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင် နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၉၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧကထိ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ လောက် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ လောက် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်လာဥ၊ ဂျုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လွှဲမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။ (၂၀၆)

သာပေါင်းမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ



သာပေါင်း နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဒေသထွက် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် နိုဝင်ဘာလပထမပတ်မှ ယနေ့ထိ စားတော်ပဲများ ဝယ်ယူမှုအား ကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀ မှ ၁၂၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက် တော်တော်လေး အရောင်းအဝယ် ပိုဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိ ဒေသထွက် စားတော်ပဲတွေကို ဒေသစျေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူအားကောင်းလာပါတယ်"ဟု သာပေါင်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

သာပေါင်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက စားတော်ပဲအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ စားတော်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝမ်းတွင်းမြို့နယ် အင်းခမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်းခမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အင်းခမ်းကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၆ သိန်း ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၁၈ သိန်း ဒသမ ၄ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၄ သိန်း ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၉၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

အမရပူရမြို့နယ် ဝဲကြီးဆင်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

အမရပူရ နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဝဲကြီးဆင်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဝဲကြီးဆင်ရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၆ ဒသမ ၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၄ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ရန်ပုံငွေကျပ် ၆၀ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးထံမှ သိရသည်။

အောင်ရဲကျော်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧရိယာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မြစ်သားမြို့နေ ကိုမောင်မောင်-မသဲသဲ(ရွှေမိတ်သစ်လက်ဖက်ရည်ဆိုင်)မိသားစုက မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်က လက်ခံရယူစဉ်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ယင်းမာပင် နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၀၆၄၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို သြဂုတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ နှမ်း ၅၀၆၄၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

မင်းဘူးမြို့နယ် ချောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းကောက်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀၅ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချောင်းကောက်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၃ ဦးကို ရန်ပုံငွေကျပ် ၅၀၅ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ဗိုလ်ကိတ်ပဲများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့တစ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့မှုများလာတော့ ဗိုလ်ကိတ်ပဲစိုက်ပျိုးသူတွေ၊ လုပ်သားတွေအလုပ်အကိုင်အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဗိုလ်ကိတ်ပဲများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဗိုလ်ကိတ်ပဲစိုက်ပျိုးသူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေနေကြောင်း ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



ပုဂံကျောက်စာများထဲက ကထိန်အလှူ

မောင်သာ(ရွှေဟောင်းသုတေသန)

ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု ကျယ်ပြန့်ခဲ့သည့် ပုဂံခေတ်တွင် ပုဂံသားများသည် အလှူဒါနမျိုးစုံကို ပြုလုပ်ကြသကဲ့သို့ ရဟန်းသံဃာများအား သင်္ကန်းနှင့် ပရိက္ခရာများ၊ ပိဋကတ်ကျမ်းစာများ၊ ဓာတ်တော်များကိုလည်း လှူဒါန်းကြကြောင်း ပုဂံကျောက်စာများတွင် တွေ့ရှိရသည်။

ရဟန်းသံဃာများဝတ်ရုံသည့် သင်္ကန်းကို လှူဒါန်းရာတွင် ဝါဆိုသင်္ကန်းလှူသည်ဟု တိုက်ရိုက်မတွေ့မိသော်လည်း ကထိန်သင်္ကန်းကိုပြုကြကြောင်းကို ကျောက်စာများတွင် ဖတ်ရှုရသည်။ ဗုဒ္ဓဘာသာဝင်များသည် ကထိန်သင်္ကန်းလှူရခြင်းကို အလွန်အကျိုးကြီးမြတ်သောအလှူဟု ခံယူကြသည်။ တစ်နှစ်လျှင် တစ်ကြိမ်သာ လှူဒါန်းခွင့်ရှိသည့်ကထိန်အလှူကို သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ်ဟုပင် ဆိုရိုးစကား ရှိခဲ့သည်။

သင်္ကန်းမှာ ကထိန်

ကထိန်ဟူသည့် စကားလုံးသည် ပါဠိဝေါဟာရ ကထိန မှ ဆင်းသက်လာသည့် ပါဠိသက်ဝေါဟာရ တစ်လုံး ဖြစ်သည်။ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် ကထိန်ကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လအတွင်း ခင်းကျင်းရသော သင်္ကန်းကပ်ပွဲတစ်မျိုးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ မြန်မာအဘိဓာန်တွင်လည်း ကထိန်၏ အဓိပ္ပာယ်ကို ပါဠိသက်ဝေါဟာရ အဘိဓာန်တွင်ဖွင့်ဆိုသည့်အတိုင်းပင် ဖော်ပြသည်။

ကထိန်သင်္ကန်း လှူဒါန်းမှုသည် ဂေါတမဘုရား ရှင်လက်ထက်ကတည်းကရှိခဲ့ကာ ဘုရားအဆူဆူ လက်ထက်တွင်လည်း ရှိခဲ့သည်ဟု ဗုဒ္ဓကျမ်းစာများတွင် ဖတ်ရှုရသည်။ ဂေါတမဘုရားရှင်သည် ဘဒ္ဒဝဂ္ဂိညီနောင်ရဟန်းသုံးကျိပ်ကို အကြောင်းပြုပြီး ကထိန်အလှူခင်းခြင်းကို ခွင့်ပြုခဲ့သည်။

ထို့ကြောင့် ဘုရားရှင်လက်ထက်မှစ၍ နှစ်စဉ် ကထိန်ခင်းခဲ့ကြမည်ဟု ယူဆရကာ ယနေ့တိုင် ကထိန်အလှူများကို နှစ်စဉ်ပြုလုပ်နေကြမြဲဖြစ်သကဲ့သို့ ပုဂံခေတ်တွင်ကထိန်အလှူများရှိခဲ့ကြောင်း ကျောက်စာများတွင် တွေ့ရှိရသည်။ အနယ်နယ်အရပ်ရပ်မှ စုဆောင်းထားသည့် ရှေးဟောင်းမြန်မာကျောက်စာများစာရင်း၌ ပုဂံခေတ်တွင် ကထိန်အလှူပြုသည့် မှတ်တမ်းရေးထိုးထားသည့် ကျောက်စာများကို တွေ့ရှိရသည်။

ထိုကျောက်စာများအနက် ပုဂံခေတ်တွင် အစောဆုံးတွေ့ရှိရသည့် ကထိန်အလှူကျောက်စာသည် သက္ကရာဇ် ၅၆၀ ပြည့်နှစ်တွင်ရေးထိုးသည့် အိုက္လောသင်ကျောက်စာဖြစ်သည်။ ကျောက်စာတွင် အိုက္လောသင်အမည်ရှိ အမျိုးသမီးသည် ကျောင်း၊ သင်္ကန်း၊ ဆီမီး၊ သပိတ်၊ ခေါင်းလောင်း၊ နွားတို့ကို လှူဒါန်းသည့်အပြင် ကထိန်အလှူကိုလည်း ပြုလုပ်ကြောင်း မှတ်တမ်းတင်ရေးထိုးထားသည်။ ယခုအခါတွင် အိုက္လောသင်ကျောက်စာကို မန္တလေးနန်းတွင်း ကျောက်စာရုံတွင် ထိန်းသိမ်းထားသည်။

ပုဂံခေတ်ထိုး ကထိန်အလှူကျောက်စာများ

သက္ကရာဇ် ၅၈၅ ခုတွင် သြတြိဘဝနာ ဒီတျာရတနပဝရမ္မရာဇာ ဘွဲ့အမည်ရှိသည့် နားတောင်းများမင်း (၁၂၁၁-၁၂၃၁)၏လှူဒါန်းမှု မှတ်တမ်းတစ်ခုဖြစ်သည့် ရွှေကွန်ချာဘုရားကျောက်စာတွင် ကထိန်အလှူပြုကြောင်း ရေးထိုးထားသည်။

ရွှေကွန်ချာဘုရား(ပုဂံဘုရားပုထိုးအမှတ် ၁၉၇၆)သည် ပုဂံမြို့၏ အရှေ့မြောက်ဘက်၊ ဇရာဝတီမြစ်အနောက်ဘက်ကမ်းတွင် အုတ်တံတိုင်းကာရံထားသည့်ဝင်းအတွင်း၌ အခြားစေတီနှစ်ဆူနှင့်အတူ တည်ရှိသည်။ ပစ္စယာသုံးဆင့်ခံ ရွှေကွန်ချာဘုရားသည် ပုဂံဒေသရှိ ငါးမျက်နှာဘုရား ၁၇ ဆူအနက် တစ်ဆူဖြစ်သည်။ ရွှေကွန်ချာဘုရားကျောက်စာသည် ရွှေကွန်ချာဘုရားတံတိုင်းအတွင်း အရှေ့မြောက်ထောင့်၌ တည်ရှိသည်။

စာသားများပျက်စီးမှုများသဖြင့် ထိုကျောက်စာကို အပြည့်အစုံ မဖတ်နိုင်သော်လည်း ရွှေပုထိုး၊ ငွေပုထိုး၊ စန္ဒကူးပုထိုး၊ ဆင်စွယ်ပုထိုး၊ ဟင်္သပဒါးပုထိုး၊ ဆေးဒန်းပုထိုး၊ ကျောက်ပုထိုး နှစ်ဆူစီနှင့် ရွှေထီး သုံးဆူ၊ သရီရ ဓာတ်တော်တို့ကို ဌာပနာကြောင်း ဖတ်ရှုရသည်။

မြန်မာကျောက်စာ စာစုစာရင်းတွင် ကောဇသက္ကရာဇ် ၅၈၅ ခုနှစ်တွင် ဩဇာတိဘဝနာ ဒီတျာရတနပဝရမ္မရာဇာမည်သောမင်းသည် ဂူဘုရား နှစ်ဆူ၊ ရွှေဘုရား ၃၃ ဆူ၊ ငွေဘုရား၊ သရီရဓာတ်တော်နှင့် ပုထိုးတော်ကြီး ငါးလုံး ရွှေအထွတ်တင်လှူကြောင်း၊ ပိဋကတ် ၂၆ ကျမ်းပြု၍လှူကြောင်း၊ ကျွန်များ၊ သင်္ကန်းများ၊ ကထိန်၊ သပိတ်များ၊ ရွှေ၊ ငွေ၊ ခရာသင်း၊ ဖျင်မည်း၊ ဖျင်ဖြူ၊ ဖျင်နီ၊ ငရုတ်များ လှူဒါန်းကြောင်း၊ အသုံးအဆောင်ပစ္စည်းများ လှူဒါန်းကြောင်း မှတ်တမ်းတင်ကျောက်စာ ရေးထိုးထားသည်ဟု တိုင်းရင်းမြန်မာကျောက်စာများ အတွဲ(၃)ကို အကိုးအကားပြုလျက် ဖော်ပြထားသည်။

ကထိန်အလှူပြုလုပ်ကြောင်း ရေးထိုးထားသည့် မှတ်တမ်းကို သက္ကရာဇ် ၆၁၈ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာတစ်ချပ်တွင်လည်း တွေ့ရှိရသည်။ ထိုကျောက်စာသည် မန္တလေးနန်းတွင်းကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် ကျောက်စာတိုင်အမှတ် (၃၈/က) ဖြစ်သည်။

ထိုကျောက်စာအစပိုင်းတွင် သခင်ငါကိုဝ်သင် အမည်ရှိ အလှူရှင်သည် သက္ကရာဇ် ၅၆၈ ခုနှစ်တွင် ဘုရားအားကျွန်များလှူဒါန်းကြောင်း ရေးထိုးထားသည်။ ကျောက်စာ စာကြောင်းအမှတ်(၉)တွင် အလှူရှင်သည် သက္ကရာဇ် ၆၁၉ ခုနှစ် ကဆုန်လဆုတ် ၈ ရက် ဗုဒ္ဓဟူးနေ့ရက်စွဲဖြင့် ကထိန်လှူခြင်း၊ နွားများ၊ ထန်းများ၊ ယာများ၊ မြေများလှူဒါန်းကြောင်း ရေးထိုးထားသည်။ ကျောက်စာရေးထိုးချိန်သည် ပုဂံခေတ် နရသီဟပတေ့မင်း (၁၂၅၆-၁၂၈၇) လက်ထက်ဖြစ်သည်။

မန္တလေးနန်းတွင်းကျောက်စာရုံ၌ပင် ထိန်းသိမ်းထားသည့် ကျောက်စာတိုင်အမှတ်(၂၄၄) တွင်လည်း ကထိန်အလှူမှတ်တမ်းကို တွေ့ရှိရသည်။ စာကြောင်း ၂၆ ကြောင်းပါရှိသည့် တစ်မျက်နှာထိုး ထိုကျောက်စာတွင် အလှူရှင်တစ်ဦးက ကျောင်း၊ မြေ၊ ထန်း၊ သင်းပိုင်၊ ကထိန်နှင့် ဆီမီးအလှူကို လှူဒါန်းကြောင်း မှတ်တမ်းတင်ထားသည်။ အလှူရှင်က လူဖြစ်သော် ရေမြေကိုအစိုးရသော စကြဝတေးမင်း၊ နတ်ဖြစ်သော် နတ်တကာကို အစိုးရသော နတ်မင်းဖြစ်၍ အဆုံးစွန်သောဘဝ၌ ဘုရားဖြစ်လိုကြောင်း ဆုတောင်းစာကို ရေးထိုးခဲ့သည်။

ပုဂံ၊ စောလှဝန်းဘုရားအတွင်း တောင်ဘက်မျက်နှာတွင်စိုက်ထူထားသည့် သွင်ရာဇသူနှင့် အမိဖွားစောကျောက်စာတွင်လည်း ကထိန်အလှူကို တွေ့ရှိရသည်။ ထိုကျောက်စာသည် ပုဂံခေတ်မိဖုရားဖွားစောကျောက်စာများအနက် တတိယဖွားစောကျောက်စာဟု ထင်ရှားသည်။ တတိယဖွားစောကို လှဝန်းဖွားစောဟုလည်း ခေါ်ဆိုသည်။

တတိယဖွားစောသည် ပုဂံ၊ မင်းနန်သူရွှာရှိ စောလှဝန်းဘုရားဝင်းအတွင်း၌ ကျောက်စာတိုင် ကျောက်စာရုံ၌ ထိန်းသိမ်းထားသည်။

အိုက္လောသင် (အိုကျော်သင်)အမည်ရှိ အမျိုးသမီးသည် ယခု မိတ္ထီလာခရိုင် မလိုင်မြို့နယ်အတွင်းရှိ ရေငွေ့ရွာသူဖြစ်သည်။ ပုဂံတွင်ရောက်ရှိနေသည့် အိုက္လောသင်သည် မိမိရွာသို့ပြန်ကာ ဘုန်းကြီးကျောင်းများတည်ဆောက်ပြီး လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းကာ ကျောက်စာတစ်ချပ် ရေးထိုးခဲ့သည်။ ထို ကျောက်စာသည် ကျောက်စာရေးထိုးသူကို အစွဲပြု လျက်အိုက္လောသင်ကျောက်စာဟုအမည်တွင်ခဲ့သည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက အိုက္လောသင်သည် မလိုင်မြို့နယ်ရှိ ရေငွေ့ရွာသူဖြစ်ကြောင်း ဂံဂိုးဝစာအုပ်တွင် ဖော်ပြထားသည်။ ကျောက်စာကို တွေ့ရှိသည့်နေရာသည် ရေငွေ့ရွာဖြစ်သောကြောင့် ရေငွေ့ရွာသူဟု မှန်းဆကြောင်း ယူဆရသော်လည်း ကျောက်စာတွင် အိုက္လောသင်ကျောင်း တည်ဆောက်လှူဒါန်းသည့် နေရာကိုရေငွေ့ရွာဟု တိကျစွာဖော်ပြထားခြင်း မရှိချေ။

အိုက္လောသင်သည် ရေငွေ့ရွာဟု မှန်းဆရသည့် နေရာတွင် သံဃာများအတွက်ကျောင်း ၃၀ ဆောက်လုပ်လှူဒါန်းခဲ့သည်။ အိုက္လောသင်ကျောက်စာတွင် အလှူပစ္စည်းများကို နှစ်ပိုင်းရေးထိုးထားရာ ပထမပိုင်းတွင်ကျောင်း ၃၀၊ သင်္ကန်းအဆူစုံ နှစ်ပါး၊ သင်္ကန်းနှစ်ထည်၊ မြေပုံပုထိုးတစ်လုံး၊ ပဒေသာပင်တစ်ခု၊ နွားမတစ်ကောင် လှူ၏ဟု ဖော်ပြထားသည်။

အလှူစာရင်း ဒုတိယပိုင်းတွင် ဆီမီး လေးထောင်ပြု၏၊ ကထိန်ပြု၏၊ အပ် ၄၀၊ ရေကရား ၂၀၁ လုံး၊ ခွက် လေးချပ်၊ သပိတ် ငါးလုံး၊ ခေါင်းလောင်းတစ်လုံး၊ ခြေညှပ်(ဖိနပ်)အရန် ၂၀ လှူဒါန်းကြောင်း ရေးထိုးထားသည်။ ကောင်းမှုအကျိုးကြောင့် နိဗ္ဗာန်ဆုကိုရလိုပြီး လုပ်ဖော်ကိုင်ဖက်များအား ကောင်းမှုအကျိုးကို ရပါစေဟု အမျှပေးဝေခဲ့သည်။

ပုဂံခေတ်တွင် ဖွားစောအမည်ဖြင့် မိဖုရားလေးပါး ရှိခဲ့ရာ တတိယဖွားစောသည် နရသီပတေ့မင်း (တရုတ်ပြေးမင်း)(၁၂၅၆-၁၂၈၇) ၏ မိဖုရားတစ်ပါး ဖြစ်သော လှဝန်းဖွားစောဖြစ်သည်။ တတိယဖွားစောသည် နားတောင်းများမင်း (၁၂၁၁-၁၂၃၁) ၏ သားတော်ဖြစ်သော ကျစွာမင်း (၁၂၃၅-၁၂၄၉)နှင့် မိဖုရားစောမင်းလှတို့၏ မြေးဖြစ်သည်။ ဖွားစောသည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူဖြစ်၍ ဖွားစော၏ အစ်မရင်းသည် ရတနာပုံဖြစ်သည်။

နရသီဟပတေ့နန်းတက်ချိန်တွင် ရတနာပုံကို မိဖုရားမြှောက်ခဲ့သည်။ ၁၂၆၂ ခုနှစ်တွင် ရတနာပုံ မိဖုရားအနိစ္စရောက်ခဲ့ပြီးနောက် နရသီဟပတေ့သည် ရတနာပုံ၏ ညီမဖြစ်သူ ဖွားစောကို မိဖုရားမြှောက်ခဲ့ရာ ဖွားစောသည် သားတော်ရာဇသူကို ဖွားမြင်ခဲ့သည်။ တတိယဖွားစောကျောက်စာသည် သားတော်အနိစ္စရောက်ပြီးနောက် ရေးထိုးသည့် ကျောက်စာဖြစ်သောကြောင့် ကျောက်စာအမည်ကို သားတော်အမည်နှင့် ပူးတွဲမှတ်သားကြသည်။ ဖွားစောကျောက်စာတွင် သက္ကရာဇ် ၆၅၂ ခုနှစ် ဝါကျွတ်ကာလတွင် ကထိန်အလှူပေးခဲ့ကြောင်း ရေးထိုးခဲ့ရာ ပုဂံခေတ် ကထိန်အလှူမှတ်တမ်းတစ်ခုကို ခြေရာခံနိုင်ခဲ့သည်။

အိုက္လောသင်ကျောက်စာနှင့် တတိယဖွားစောကျောက်စာအပါအဝင် ကထိန်အလှူပါရှိသည့် ကျောက်စာများသည် ပုဂံခေတ်တွင်ပြုလုပ်ခဲ့သည့် ကထိန်အလှူမှတ်တမ်းများအဖြစ် ထင်ရှားစွာ ကျန်ရှိနေခဲ့ကြပေသည်။

ကိုးကား

- **ရှေးဟောင်းမြန်မာကျောက်စာများ (ဦးငြိမ်းမောင်)**
- **ဂံဂိုး၀(ဒေါက်တာသန်းထွန်း)**
- **အနယ်နယ်အရပ်ရပ်မှ မြန်မာကျောက်စာ စာစုစာရင်း**

❖ ပုဂံခေတ်တွင် အစောဆုံးတွေ့ရှိရသည့် ကထိန်အလှူ ကျောက်စာသည် သက္ကရာဇ် ၅၆၀ ပြည့်နှစ်တွင်ရေးထိုးသည့် အိုက္လောသင်ကျောက်စာဖြစ်သည်။ ကျောက်စာတွင် အိုက္လောသင်အမည်ရှိ အမျိုးသမီးသည် ကျောင်း၊ သင်္ကန်း၊ ဆီမီး၊ သပိတ်၊ ခေါင်းလောင်း၊ နွားတို့ကို လှူဒါန်းသည့်အပြင် ကထိန်အလှူကိုလည်း ပြုလုပ်ကြောင်း မှတ်တမ်းတင်ရေးထိုးထားသည်။ ယခုအခါတွင် အိုက္လောသင်ကျောက်စာကို မန္တလေးနန်းတွင်း ကျောက်စာရုံတွင် ထိန်းသိမ်းထားသည်။ ❖

vr;avQmujci;jzi ausm½;emusiru ouomapEion



ပြင်းထန်တဲ့ လေ့ကျင့်ခန်းတွေက ကျောရိုးကို ထိခိုက်နာကျင်စေပေမယ့် လမ်းလျှောက်ခြင်းမှာတော့ အဲဒီလိုအဖြစ်မျိုး မရှိပါဘူး။

လမ်းလျှောက်ခြင်းဟာ ကျောရိုးအပေါ် သက်ရောက်မှုနည်းပါးတဲ့ လေ့ကျင့်ခန်းဖြစ်တဲ့အပြင် တကယ်တမ်းမှာ ကျောရိုးနာကျင်မှုကိုတောင်မှ သက်သာစေတာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းကြောင့် ကျောရိုးမကြီးတစ်လျှောက် သွေးစီးဆင်းမှုကို ပိုမိုကောင်းမွန်စေပြီး နောက်ကျောကြွက်သားတွေကိုလည်း နေရာတကျဖြစ်စေပါတယ်။

ဒါကြောင့် အကြောင်းအမျိုးမျိုးကြောင့် ကျောရိုးနာကျင်နေသူတွေ၊ နောက်ကျောကြွက်သားနာကျင်နေသူတွေ အတွက် အကောင်းဆုံးဆေးကတော့ လမ်းလျှောက်ခြင်းပဲဖြစ်ပါတယ်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၃၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၃၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၆၀၅၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၃၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲကြီးဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများကို ပဲကြီးစိုက်ကောများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲစေရေး၊ ပိုးမွှားကျရောက်မှု မရှိစေရေးတို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။ (၂၀၆)

ဒိုက်ဦးမြို့နယ် ဦးဘိုးရင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ဒိုက်ဦး နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆာပါခြံကျေးရွာအုပ်စု ဦးဘိုးရင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွှန်၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဦးဘိုးရင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဂဝံမြေလမ်းကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ဦးဘိုးရင်စုကျေးရွာ၌ အရှည်ပေ ၉၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်း ငွေကျပ် ၁၆ သန်း အသုံးပြု၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၁ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။

ကိုညီ

ရေဆိုသည်မှာ ရတနာ

- ကမ္ဘာမှာ ရေတွေများ
လူသားအတွက် ဖြစ်ပေါ်လာ၊
ရေငန်မှာ လွန်စွာပေါလို့
အံ့သြဖွယ်ရာ၊
သုံးရာခိုင်နှုန်းက ရေချိုပါ
ရှိနေတာ အားလုံးအသိ၊
ရေချိုမှာ လူ့ကောင်းကျိုး
သယ်ပိုးနေ၏။။

- ပူလာလျှင် ရေကိုသောက်
ဝမ်းမြောက်လို့ စိတ်ကြည်လင်၊
သွားလမ်းသာ လိုရာရောက်
ပြီးမြောက်ဖို့ပင်၊
ရေသန့်ဘူးလေး အတူယှဉ်
အမြဲပင် မိတ်ဆွေကောင်း၊
ရေချိုကို တန်ဖိုးထား
အားကိုးကြကြောင်း။

- မိုးရွာလျှင် မိုးရေသုံး
ပြုံးပျော်ကြ လူတိုင်းပင်၊
မိုးရေကို သိုလှောင်ထိန်း
ငြိမ်းအေးစေချင်၊
လိုအပ်တဲ့ အခါတွင်
အသုံးဝင် အထောက်အကူဖြစ်၊
ချွေတာကာ များစုဆောင်း
ကောင်းတဲ့စနစ်။

- အယ်လ်နီညို ရာသီဥတု
ဖောက်ပြန်ပြု ဖြစ်ပေါ်လာ၊
အပူချိန် မြင့်တက်ခြင်း
ပြင်းထန်လို့သာ၊
ကြိုတင်လို့ ကာကွယ်ပါ
ရေကိုသာ စုဆောင်းပေး၊
ကျန်းမာစွာ နေထိုင်မှု
ပြုကြမယ်လေး။။

- လူတိုင်းမှာ မရှိမဖြစ်
တန်ဖိုးစစ် ရတနာ၊
အသက်ရှင် ရပ်တည်ရေး
တွေးဆကြည့်ပါ၊
ရေဆိုတဲ့ ရတနာ
ရွှေငွေပမာ တန်ဖိုးထား၊
ခြိုးခြံချွေတာ သုံးစွဲရေး
အားပေးစို့လား။။ ။

မန္တလာကိုကိုဝင်း

ဂျာမနီနိုင်ငံ၏ ပထမဆုံး အမျိုးသမီးသမ္မတ ဘာဗေးရီးယားလွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာနိုင်



ဘာလင် နိုဝင်ဘာ ၁၀

ဂျာမနီနိုင်ငံသည် မျက်မှောက်ခေတ်သမိုင်းတစ်လျှောက် ပထမဆုံးအမျိုးသမီးသမ္မတကို လာမည့်နှစ်အတွင်း ရွေးချယ်တင်မြှောက်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ် မားဇ်သည် လက်ရှိသမ္မတဖရင့်ခ်ဝေါ်တာစတိန်းမေယာ၏ အရိုက်အရာကို ဆက်ခံမည့် ကွန်ဆာဗေးတစ်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ဘာဗေးရီးယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အမျိုးသမီးနိုင်ငံရေးသမား အီလ်ဇေးအိုင်ဂနာကို နိုဝင်ဘာ ၉ ရက်တွင် ရွေးချယ်ခဲ့ကြောင်း သိရသည်။

အီလ်ဇေးအိုင်ဂနာ သည် ဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်၏ ကွန်ဆာဗေးတစ်ပါတီ အပြင် ဆို့ရှယ်ဒီမိုကရက်ပါတီနှင့် ဂရင်းပါတီတို့၏ ထောက်ခံမှုကိုလည်း ရရှိထားသည်။

သို့ဖြစ်ရာ လာမည့် ၂၀၂၇ ခုနှစ် ဧန်နဝါရီလအတွင်း ကျင်းပမည့် ဖက်ဒရယ်ကွန်ဗင်းရှင်း ညီလာခံတွင် အီလ်ဇေးအိုင်ဂနာကို ဂျာမနီသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရန် အလားအလာကောင်းလျက်ရှိသည်။

ဖက်ဒရယ်ကွန်ဗင်းရှင်း သည် ဂျာမနီနိုင်ငံ၏ သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့အစည်းဖြစ်ပြီး ဂျာမနီအောက်လွှတ်တော် အမတ်များ၊ ဖက်ဒရယ်ပြည်နယ်လွှတ်တော်များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။

ဆို့ရှယ်ဒီမိုကရက် တစ်ဦးဖြစ်သော လက်ရှိဂျာမနီသမ္မတ ဖရင့်ခ်ဝေါ်တာစတိန်းမေယာ၏ သမ္မတသက်တမ်းသည် လာမည့်နှစ် မတ်လတွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။ Ref : RT

Trs : KKO

အရှေ့အလယ်ပိုင်းနိုင်ငံများ၏ မေတ္တာရပ်ခံချက်အရ အီရန်ကို ထပ်မံတိုက်ခိုက်ရေးအစီအစဉ် ဆိုင်းငံ့ထားကြောင်း အမေရိကန်သမ္မတပြောကြား



ဝါရှင်တန် နိုဝင်ဘာ ၁၀

ကာတာဝန်ကြီးချုပ် အပါအဝင် အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများမှ ခေါင်းဆောင်များ၏ မေတ္တာရပ်ခံချက်အရ အီရန်နိုင်ငံအပေါ် စစ်ရေးအရ ထပ်မံတိုက်ခိုက်မည့် အစီအစဉ်များကို ဆိုင်းငံ့ပေးထားရန် မိမိစီစဉ်ထားကြောင်း အမေရိကန်သမ္မတဒေါနယ်ထရမ့်က နိုဝင်ဘာ ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကာတာဝန်ကြီးချုပ် ရှိတ်ခ်မိုဟမ်မက် ဘင်အက်တ်ဘူလ် ရာမန်အယ်လ်သာနီနှင့် အိမ်ဖြူတော်၌တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သမ္မတဒေါနယ်ထရမ့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံသည် အကောင်းဆုံး စစ်လက်နက်များ အသင့်တပ်ဆင်ပြီးဖြစ်သော်လည်း ကာတာနှင့် ဆော်ဒီအာရေဗျအပါအဝင် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၏ မေတ္တာရပ်ခံချက်အရ အီရန်ကိုစစ်ရေးအရ ထပ်မံတိုက်ခိုက်မည့်အစီအစဉ် ဆိုင်းငံ့ပေးထားမည်ဖြစ်ကြောင်း သမ္မတဒေါနယ်ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ်ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် ဟော်မုဇ်ရေလက်ကြားဒေသ၌ အီရန်ဆိပ်ကမ်းများ ရေတပ်အင်အားဖြင့် ပိတ်ဆို့ထားမှုကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါနယ်ထရမ့်က ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် အီရန်နိုင်ငံအပေါ် စစ်ရေးအရ တိုက်ခိုက်မှုများ ပြန်လည်စတင်မည့် လက္ခဏာမျိုး မပြသေးသော်လည်း အီရန်နိုင်ငံက အဆိုပြုထားသည့် ငြိမ်းချမ်းရေးအစီအစဉ်ကို လက်ခံရန်လည်း ရွှေ့ဆိုင်းနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဗြိတိန်လေတပ်စခန်းတစ်ခုမှ စစ်လေယာဉ်များ အမေရိကန်တပ်မတော် ထပ်မံရွှေ့ပြောင်းထား

လန်ဒန် နိုဝင်ဘာ ၁၀

အီရန်နိုင်ငံ၏ ခြိမ်းခြောက်မှုများကြောင့် ဗြိတိန်အတွင်းရှိ ဒုတိယမြောက် လေတပ်စခန်း တစ်ခုမှ စစ်လေယာဉ်များကို အမေရိကန် တပ်မတော်က နိုဝင်ဘာ ၉ ရက်တွင် တည်နေရာ ရွှေ့ပြောင်းထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗြိတိန်ရှိ အာရ်အေအက်ဖ် မီလ်ဒန်ဟောလ် လေတပ်စခန်းမှ ဝေဟင် လောင်စာဆီဖြည့် လေယာဉ်များကို အမေရိကန် တပ်မတော်က နိုဝင်ဘာ ၉ ရက်တွင် ဂျာမနီနိုင်ငံသို့ တည်နေရာ ရွှေ့ပြောင်းထားကြောင်း သတင်းအရင်းအမြစ်များက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

အာရ်အေအက်ဖ် ဖဲယားဖို့ဒ် လေတပ်စခန်းမှ ဗုံးကြဲလေယာဉ်များကို အီရန်၏ခြိမ်းခြောက်မှုများကြောင့် အောက်တိုဘာလ အတွင်း ရွှေ့ပြောင်းခဲ့ပြီးနောက် အာရ်အေအက်ဖ် မီလ်ဒန်ဟောလ် လေတပ်စခန်းမှ လောင်စာဆီဖြည့် လေယာဉ်များကို အမေရိကန် တပ်မတော်က ထပ်မံရွှေ့ပြောင်းခဲ့ခြင်းဖြစ်သည်။

ယခုနှစ် စက်တင်ဘာလ အတွင်း အင်္ဂလန်အနောက်တောင်ပိုင်း အာရ်အေအက်ဖ်ဖဲယားဖို့ဒ် လေတပ်စခန်းပြင်ပ၌ အမျိုးသားငါးဦးကို ဖမ်းဆီးခဲ့ပြီးနောက် အမေရိကန်တပ်မတော်သည် လုံခြုံရေး အကြောင်းပြချက်များဖြင့် ထို လေတပ်စခန်းရှိ ဘီ-၁ ဗုံးကြဲ လေယာဉ်များကို ရွှေ့ပြောင်းခဲ့ခြင်း ဖြစ်သည်။

အာရ်အေအက်ဖ် ဖဲယားဖို့ဒ် လေတပ်စခန်းသည် အီရန်ကို စစ်ရေးအရ တိုက်ခိုက်မှုများ ပြုလုပ်ရာတွင် အမေရိကန်ဗုံးကြဲ လေယာဉ်များ အသုံးပြုနေသော လေတပ်စခန်း ဖြစ်ကြောင်း သိရသည်။ Ref : RT

Trs : KKO

မြန်နှုန်းမြင့် တိုပီဒိုစနစ်တစ်မျိုး မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်

ပြုံယမ်း နိုဝင်ဘာ ၁၀

မြန်နှုန်းမြင့် တိုပီဒိုစနစ်တစ်မျိုးကို မြောက်ကိုရီးယား တပ်မတော်က နိုဝင်ဘာ ၉ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း နိုင်ငံပိုင်ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါမြန်နှုန်းမြင့် တိုပီဒိုစနစ်ကို မြောက်ကိုရီးယားတပ်များက အရှေ့ပင်လယ်ရေပြင်အတွင်း စမ်းသပ်ပစ်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါတိုပီဒိုစနစ်ကို လာမည့် ၂၀၂၇ ခုနှစ်မှစ၍ မြောက်ကိုရီးယားရေတပ်၌ တပ်ဆင်အသုံးပြုရန် စီစဉ်ထားကြောင်း ကေစီအင်န်အေသတင်းဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကိုရီးယား ကျွန်းဆွယ်ဒေသ၌ တင်းမာမှုများ မြင့်တက်နေချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည် ရေတပ်အတွက် လက်နက်တပ်ဆင်မှုလုပ်ငန်းကို မြှင့်တင်လျက်ရှိသည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း တိုက်ပွဲဝင်မောင်းသူမဲ့ ဒရုန်းယာဉ်များ၊ ပစ်မှတ်ထိမှန်မှုတိကျသော တိုပီဒိုစနစ်များအပါအဝင် လက်နက်စနစ်သစ်များကို ဆက်တိုက် စမ်းသပ်ခဲ့သည်။

နိုဝင်ဘာ ၉ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့သော တိုပီဒိုစနစ်၏ စွမ်းဆောင်ရည်နှင့် မည်သည့်ပုံစံမျိုးဖြင့် ပစ်လွှတ်ခဲ့သည်ဆိုသော အသေးစိတ် အချက်အလက်များကို ကေစီအင်န်အေသတင်းဌာနက ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။ Ref : RT

Trs : KKO

တူကီယဲနိုင်ငံ၌ သံမဏိစက်ရုံ ပေါက်ကွဲမီးလောင် လူ ၁၈ ဦးသေဆုံး၍ ၁၃ ဦး ဒဏ်ရာရ



အင်ကာရာ နိုဝင်ဘာ ၁၀

တူကီယဲနိုင်ငံ အနောက်ပိုင်း သံနှင့် သံမဏိထုတ်လုပ်ရေးစက်ရုံတစ်ရုံ၌ နိုဝင်ဘာ ၉ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၈ ဦး သေဆုံးခဲ့ကြောင်း တူကီယဲ တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ်ဇ်မီရာပြည်နယ် အလီရာဂါ မြို့၌ တည်ရှိသော အဆိုပါသံမဏိစက်ရုံ ပေါက်ကွဲမီးလောင်မှုကြောင့် လူ ၁၃ ဦးလည်း ဒဏ်ရာရခဲ့ကြောင်း တူကီယဲသမ္မတ အာဒိုဂန်က အတည်ပြုထားသည်။

ဘွိုင်လာအိုး တစ်လုံးကို လဲလှယ်နေသည့် ဝန်ချီစက်သံရည်ကျိုပေါင်းအိုးပေါ် ပြုတ်ကျခဲ့ပြီးနောက် သံမဏိစက်ရုံ ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း တူကီယဲတာဝန်ရှိသူများ၏ အဆိုအရသိရသည်။

ဟားဘက်စ် သံမဏိစက်ရုံ၌ ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားစဉ် စက်ရုံအတွင်း အလုပ်သမားဦးရေ ၂၀၀ ထိ ရှိနေခဲ့ကြောင်း သိရသည်။

ဟားဘက်စ်သံမဏိစက်ရုံသည် ၁၉၈၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်သံမဏိတန်ချိန် ၄ ဒသမ ၅ သန်းထိ ထုတ်လုပ်နေသောစက်ရုံ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

အေအက်တီ စပေ့စ်မိုဘိုင်းကုမ္ပဏီက Blacklift အမည်ရှိ အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံတစ်မျိုးကို တည်ဆောက်နေ



ဝါရှင်တန် နိုဝင်ဘာ ၁၀

အမေရိကန်နိုင်ငံ တက္ကဆက် ပြည်နယ်အခြေစိုက် အေအက်တီ စပေ့စ်မိုဘိုင်းကုမ္ပဏီသည် Blacklift အမည်ရှိ အကြိမ်ကြိမ်ပြန်လည် အသုံးပြုနိုင်သော ဒုံးပျံတစ်မျိုးကို တည်ဆောက်နေကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

အေအက်တီစပေ့စ် မိုဘိုင်း ကုမ္ပဏီသည် ၎င်း၏ဆက်သွယ် ရေးဂြိုဟ်တုများကို ကမ္ဘာ ပတ်လမ်းအနိမ့်ပိုင်းသို့ Blacklift ဒုံးပျံဖြင့် လွှတ်တင်ရန်ရည်ရွယ် ထားကြောင်း သိရသည်။

Blacklift ဒုံးပျံ၏ပထမဆုံး အာကာသမစ်ရှင်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း အေအက်တီစပေ့စ်မိုဘိုင်းကုမ္ပဏီက ထုတ်ပြန်ထားသည်။

အေအက်တီစပေ့စ်မိုဘိုင်း ကုမ္ပဏီသည် ဘလူးဘာ့အမည်ရှိ ဆက်သွယ်ရေး ဂြိုဟ်တုများဖြင့် ဖွဲ့စည်းထားသော ဂြိုဟ်တုကွန်ရက် ကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းတွင် တည်ဆောက်လျက်ရှိသည်။

အေအက်တီစပေ့စ်မိုဘိုင်းကုမ္ပဏီ သည် အထက်ပါဂြိုဟ်တုကွန်ရက် အတွက် ဘလူးဘာ့ဂြိုဟ်တု ၁၃ စင်းကို လွှတ်တင်ခဲ့ပြီးဖြစ်သည်။

အဆိုပါဂြိုဟ်တုများကို လွှတ်တင် ရာတွင် အေအက်တီစပေ့စ်မိုဘိုင်း ကုမ္ပဏီသည် စပေ့အိတ်စ်၏ ဖယ်လ်ကွန်-၉၊ ဘလူးအော်ရီဂျင်၏ New Glenn နှင့် အိန္ဒိယနိုင်ငံ၏ ဂျီအက် အယ်ဗီအမ်ကေ-၃ ဒုံးပျံများကို အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


စနေဂြိုဟ်၏တိုက်တန်ဂြိုဟ်ရံလပေါ်သို့ အမည်များပေးပို့ရန် နာဆာက အများပြည်သူများကို ဖိတ်ခေါ်ထား

ဝါရှင်တန် နိုဝင်ဘာ ၁၀

စနေဂြိုဟ်၏ တိုက်တန်ဂြိုဟ်ရံ လပေါ်သို့ အမည်များပေးပို့ရန် အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)က အများပြည်သူများကို ဖိတ်ခေါ် ထားကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ၂၀၂၈ ခုနှစ် တွင် Dragonfly အမည်ရှိ ရှူး ကလီးယားစွမ်းအင်သုံး ပန်ကာ တပ်အာကာသယာဉ် တစ်စင်းကို လွှတ်တင်ရန် စီစဉ်ထားသည်။

Dragonfly အာကာသယာဉ် နှင့်အတူ အများပြည်သူတို့၏ အမည်များ ထည့်သွင်းရေးထား သည့် ကွန်ပျူတာချပ်ပြားတစ်ပြား ကိုလည်း ထည့်သွင်းတပ်ဆင်ပေး မည်ဖြစ်ကြောင်း နာဆာအဖွဲ့က ထုတ်ပြန်ထားသည်။



Dragonfly အာကာသယာဉ်သည် နှင့်အတူ တိုက်တန်ဂြိုဟ်ရံလပေါ် သို့ အမည်များပေးပို့လိုသူများ အနေဖြင့် ၎င်းတို့၏အမည်များကို ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရန် နာဆာက တိုက်တွန်းထားသည်။

Dragonfly အာကာသယာဉ် သည် လွှတ်တင်ပြီးနောက် ၂၀၃၄ ခုနှစ်တွင် တိုက်တန်ဂြိုဟ်ရံလ မျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင် ဖွယ်ရှိကြောင်း နာဆာတာဝန်ရှိသူ များက ပြောကြားသည်။

နာဆာအဖွဲ့သည် Dragonfly မစ်ရှင်ကို စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင် ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

နာဆာ၏ အားတီးမစ်-၂ မစ်ရှင်ကြောင့် ကမ္ဘာဂြိုဟ်၏ အိုင်အိုနိုစဖီးယားလေထုလွှာတွင် တည်ငြိမ်မှုပျက်ပြားခဲ့ရ



ပေကျင်း နိုဝင်ဘာ ၁၀

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အားတီးမစ်-၂ မစ်ရှင်ကြောင့် ကမ္ဘာ ဂြိုဟ်၏ အိုင်အိုနိုစဖီးယား လေထု လွှာတွင် တည်ငြိမ်မှုပျက်ပြားခဲ့ရ ကြောင်း နိုဝင်ဘာ ၉ ရက် သတင်း များတွင် ရေးသားဖော်ပြထားသည်။

တရုတ်(တိုင်ပေ) ချန်ကောင်း အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာ ရှင်များသည် အားတီးမစ်-၂မစ်ရှင် ၏ ကမ္ဘာလေထုလွှာအပေါ် အကျိုး သက်ရောက်မှုကို ဖော်ထုတ်ရေး အတွက် ဂြိုဟ်တုတည်နေရာနှင့် လမ်းကြောင်းပြ စနစ်ကွန်ရက်မှ ရရှိသည့် သတင်းအချက်အလက် များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာ သည့် ရလဒ်များအရ အားတီးမစ်-၂ မစ်ရှင်ကြောင့် အိုင်အိုနိုစဖီးယား လေထုလွှာ၏ အီလက်ထရွန်နစ် အက်တမ်များ စုစည်းမှုပုံစံ ပျက်ပြားမှုကြောင့် ဂြိုဟ်တုတည်နေရာနှင့် လမ်း ကြောင်းပြစနစ်များ ယာယီထိခိုက် သွားနိုင်ကြောင်း၊ အိုင်အိုနိုစဖီးယား လေထုလွှာသည် ကမ္ဘာမြေပြင် အထက်မိုင် ၃၀ အကွာတွင်တည်ရှိ ပြီး လျှပ်စစ်ဓာတ်ဆောင် အီလက် ထရွန်အက်တမ်များ စုစည်းနေ သော လေထုလွှာဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူး လေးဦးလိုက်ပါသွားသည့် အိုရီ ယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် ယခုနှစ် ဧပြီလတွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

သွေးအတွင်းသကြားဓာတ်ပါဝင်မှုပုံမှန်ထက် မြင့်မားနေသူများ အိပ်ရာဝင်ချိန်စောမှုနှင့် ကိုယ်အလေးချိန်ကျဆင်းမှုတို့ ဆက်စပ်မှုရှိ

နယူးယောက် နိုဝင်ဘာ ၁၀

သွေးအတွင်းသကြားဓာတ်ပါဝင် မှုပုံမှန်ထက် မြင့်မားနေသူများ အိပ်ရာဝင်ချိန်စောမှုနှင့် ကိုယ် အလေးချိန်ကျဆင်းမှုတို့ ဆက်စပ် မှုရှိကြောင်း သုတေသနပညာရှင် များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်သုတေသနပညာ ရှင်များ၏လေ့လာတွေ့ရှိချက်အရ အိပ်ရာစောစောဝင်မှသည် ပုံစံ-၂ ဆီးချိုရောဂါ မရှိသေးသော်လည်း သွေးအတွင်းသကြားဓာတ် ပုံမှန် ထက်မြင့်မားမှုပြဿနာ (Prediabetes) ရှိနေသူများ၌ ကိုယ်အလေး ချိန်ကျဆင်းလာမှုနှင့်ဆက်စပ်နေ ကြောင်း သိရသည်။

သို့ဖြစ်ရာ အိပ်စက်မှုကာလ သည်သာမက အိပ်ရာဝင်ချိန်သည် လည်း ကိုယ်အလေးချိန်ကိုထိန်းချုပ် ရေးအတွက် အထောက်အကူပြု နိုင်သော ဘဝနေထိုင်မှုပုံစံတစ်မျိုး ဖြစ်လာနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာ ရှင်များသည် Prediabetes ပြဿနာရှိနေသူ အသက် ၂၁ နှစ် နှင့် ၆၄ နှစ်ကြား အရွယ်ရောက်သူ ဦးရေ ၂၀၀ တို့၏ အိပ်ရာဝင်ချိန်နှင့် အိပ်စက်မှုကြာချိန်တို့ကို လေ့လာ စောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာ သည့်ရလဒ်များအရ အိပ်စက်မှု ကြာမြင့်ချိန်သည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်အပေါ် အကျိုးသက်ရောက်မှု မရှိသော်လည်း အိပ်ရာဝင်ချိန်စောမှုသည် ကိုယ်အလေးချိန် ကျဆင်းမှုနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

နို့အခြေခံအစားအသောက်များနေရာတွင် အပင်ထွက်အစားအသောက်များ အစားထိုး စားသုံးခြင်းက အိုင်အိုဒင်းဓာတ်ချို့တဲ့နိုင်

လန်ဒန် နိုဝင်ဘာ ၁၀

နို့အခြေခံ အစားအသောက် များနေရာတွင် အပင်ထွက်အစား အသောက်များ အစားထိုး စားသုံး ခြင်းသည် အိုင်အိုဒင်းဓာတ်ချို့တဲ့ လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နွားနို့နေရာတွင် အပင်ထွက် အုတ်ကျိုနို့ကို အစားထိုးသောက်သုံး ပါက အိုင်အိုဒင်းချို့တဲ့မှုပြဿနာ ပေါ်ထွက်လာနိုင်ခြေမြင့်တက်လာ နိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

အိုင်အိုဒင်းဓာတ် ချို့တဲ့ပါက ကိုယ်အလေးချိန်တက်လာနိုင်ခြေ၊ မှတ်ဉာဏ်ပြဿနာများပေါ်ထွက် နိုင်ခြေ၊ နာတာရှည်ပင်ပန်းနွမ်းနယ် မှုပြဿနာ ပေါ်လာနိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း သုတေ သနပညာရှင်များ၏ အဆိုအရ သိရသည်။

အိုင်အိုဒင်းဓာတ်သည် လူ့ ကိုယ်ခန္ဓာ၏ ဇီဝဓာတုပြောင်းလဲ မှုဖြစ်စဉ်များကို ထိန်းညှိပေးနိုင်ပြီး ပုံမှန်ကြီးထွားမှုနှင့် ဦးနှောက်ဖွံ့ဖြိုး မှုတို့ကို အထောက်အကူပြုပေးနိုင် သော သိုင်းရွက်ဟော်မုန်းများ ထုတ်လုပ်နိုင်ရေးအတွက် အရေး ကြီးသည့်ဓာတ်ဖြစ်သည်။

အိုင်အိုဒင်းဓာတ် ချို့တဲ့ပါက သိုင်းရွက်ဟော်မုန်းများ ငြိမ်သက် လာတတ်ပြီး အကျိုးဆက်အားဖြင့် ဇီဝဓာတုပြောင်းလဲမှု ဖြစ်စဉ်များ နှေးကွေးလာတတ်ပြီး ကိုယ်အလေး ချိန်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



Myanmar Golf Club JGM Winter Cup 2026 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)အဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်)မှ အဓိကကူညီပံ့ပိုးသော Myanmar Golf Club JGM Winter Cup 2026 မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်ထိ ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်)တွင် ကျင်းပမည်ဟု JGM အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄နှစ်အောက်သက်တမ်း၊ အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်း၊ ၁၄နှစ်အောက်သက်တမ်းပြိုင်ပွဲတို့ကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို R&A နှင့် USGA တို့၏ Rules of Golf – 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

Myanmar Golf Club JGM Winter Cup 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတစ်ဝန်းမှ Junior ဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် နိုဝင်ဘာ ၁၆ ရက်ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်း ၀၉-၅၁၉၃၄၂၂ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ် အချက်များ မေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

STA

၂၀၂၆ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ရန်ကုန်ဇုန် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၆ခုနှစ် ပညာရေးဒီဂရီ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ရန်ကုန်ဇုန်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) တွင် ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြပြီး နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဘင်ခရာအဖွဲ့၊ ပန်းပွားနှင့် သရုပ်ပြအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီးနောက် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်ပြီး တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းပွားအဖွဲ့က သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီမှ အားကစားသမားများက သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားသမားများက အေရိုးဗစ်သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်း၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ အားကစားသမားများက သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်းတို့ကို အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၃သင်းအားကစားသမား ၆၂၇ ဦးဖြင့် ယနေ့မှစတင်ပြီး နိုဝင်ဘာ ၂၀ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

Rookie of the Year ဆုအတွက် ဆို့ဒင်ဂေါက်သီးရိုက်မယ် ဆာဗီဒန်စကီအိုး ထိပ်ဆုံးမှ ဦးဆောင်နေ



စတော့ဟုမ်း နိုဝင်ဘာ ၁၀

အမျိုးသမီး ဂေါက်သီးရိုက်လောကဏ္ဍ၏ တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုဖြစ်သည့် Rookie of the Year ဆုအတွက် ဆွီဒင်ဂေါက်သီးရိုက်မယ် ဆာဗီဒန်စကီအိုး ထိပ်ဆုံးမှဦးဆောင်နေကြောင်း LET သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Rookie of the Year ဆုကို ဥရောပ အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲများ စီစဉ်ကျင်းပနေသည့် Ladies European Tour(LET) အဖွဲ့ချုပ်က ချီးမြှင့်သည့်ဆုဖြစ်ပြီး တစ်ရာသီအတွင်း စွမ်းဆောင်ရည်များအပေါ် အခြေခံတွက်ချက်ကာ ချီးမြှင့်ပေးအပ်ခြင်းဖြစ်သည်။

ဆာဗီဒန်စကီအိုးသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီ LET ပြိုင်ပွဲများတွင် ချန်ပီယံဆုနှစ်ကြိမ်ဆွတ်ခူးခဲ့ပြီး ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲများ၌ အမှတ်ပေးဇယား၏ အဆင့် (၁၀)နေရာအတွင်း ၁၀ ကြိမ်ထိဝင်ရောက်အောင် စွမ်းဆောင်ခဲ့ပြီးနောက် Rookie of the Year ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ၁၇၁၅ ဒသမ ၂၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

Rookie of the Year ဆုအတွက် အဆင့်သတ်မှတ်ချက်၌ ဆာဗီဒန်စကီအိုး၏ နောက်တွင် ဂျာမနီဂေါက်သီးရိုက်မယ် ဘိုချာတန်နိုဗစ်က ၁၁၇၄ ဒသမ ၂၀ မှတ်ဖြင့် ဖိအားပေးလျက်ရှိနေသည်။

Ladies European Tour(LET) ၏ ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ပြိုင်ပွဲနှစ်ရပ်သာကျန်ရှိနေသည့်အတွက် ဆာဗီဒန်စကီအိုးက Rookie of the Year ဆုကို ဆွတ်ခူးနိုင်ရန် နီးစပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : LET
Trs : STA

ဘရာဇီးUFCဖိုက်တာ ပါရဲရားက တစ်နိုင်ငံတည်းသားဖိုက်တာ ဗယ်တာဝေါကာကို ရှုံးနိမ့်ပါက မိမိ၏ထိုးသတ်ကြေးကိုပါပေးမည်ဟု ပြောကြား

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၀

လက်ရှိ UFC မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ ဟောင်း ဘရာဇီးဖိုက်တာ ပါရဲရားက တစ်နိုင်ငံတည်းသား ဖိုက်တာ ဗယ်တာဝေါကာကို ရှုံးနိမ့်ခဲ့ပါက မိမိ၏ ထိုးသတ်ကြေးများကိုပါ ဗယ်တာဝေါကာထံ ပေးအပ်မည်ဟု စိန်ခေါ်ပြောကြားခဲ့ကြောင်း MMA Tales သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဗယ်တာဝေါကာက ပါရဲရားနှင့် ထိုးသတ်လိုသည်ဟု စိန်ခေါ်ခဲ့ပြီးနောက် ယခုအခါ ပါရဲရားကလည်း ယခုကဲ့သို့ ပြန်လည် စိန်ခေါ်ပြောကြားခဲ့ခြင်းဖြစ်သည်။

ပါရဲရားက "ဗယ်တာဝေါကာက ကျွန်တော်နဲ့ ထိုးသတ်ချင်တယ်လို့ ပြောပါတယ်။ ကျွန်တော်အနေနဲ့ သူ့ကို လေ့ကျင့်ရေးပွဲစဉ်မှာ ထိုးသတ်ချင်ပါတယ်။ တရားဝင်ပွဲစဉ်ထိုးဖြစ်မယ်ဆိုရင်လဲ ကျွန်တော်ရှုံးခဲ့မယ်ဆိုရင် ကျွန်တော့်ရရှိမဲ့ ထိုးသတ်ကြေးကိုပါ သူ့ကို ပေးသွားမှာပါ။ ကျွန်တော့်ဘက်ကအသင့်ပါပဲ။ တရားဝင်ပွဲမထိုးခင် လေ့ကျင့်ရေးပွဲစဉ် ထိုးသတ်ချင်ပါတယ်။ လေ့ကျင့်ရေးပွဲစဉ်မှာပါအနိုင်ယူဖို့ ကျွန်တော့်ဘက်ကအသင့်ပါ"ဟု ပြောကြားခဲ့သည်။

ပါရဲရားသည် MMA ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝတွင် ၁၁ပွဲနိုင်၊ လေးပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသူဖြစ်ပြီး နောက်ဆုံးထိုးသတ်ခဲ့သည့် ပွဲစဉ်တွင် ပြင်သစ်ဖိုက်တာ စီရယ်ဂိန်းကို ရှုံးနိမ့်ထားသူဖြစ်ကြောင်း သိရသည်။

Ref : MMA Tales
Trs : STA

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်း ထုတ်ပြန်

လန်ဒန် နိုဝင်ဘာ ၁၀

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပွဲစဉ် (၁၀)အကောင်းဆုံး ကစားသမား ဆုအတွက် ဆန်ခါတင်စာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း Premierleague သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပွဲစဉ် (၁၀)အကောင်းဆုံး ကစားသမား ဆုအတွက် ဆန်ခါတင်စာရင်းတွင် ခံစစ်၊ ကွင်းလယ်၊ တိုက်စစ်ကစားသမားများအပြင် ဂိုးသမားတစ်ဦးပါ ပါဝင်လာခဲ့ပြီး စုစုပေါင်းကစားသမားခြောက်ဦး ပါဝင်ခဲ့ခြင်းဖြစ်သည်။



ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပွဲစဉ်(၁၀) အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် လီဗာပူးအသင်းနှင့် အတူ အကောင်းဆုံးလက်စွမ်းပြသခဲ့သည့် ဂိုးသမားအလီဆန်၊ နော်တင်ဟမ်အသင်း တိုက်စစ်ကစားသမား ဒီလက်ပ်၊ အဲဗာတန်အသင်းတိုက်စစ် ကစားသမား ဘယ်ရီ၊ ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား ပါစကယ် ဂရော့စ်၊ လီဒ်အသင်းတိုက်စစ်ကစားသမား မူဟာရီမိုဗစ်ချ်၊ ဆန်းဒါးလန်းအသင်း ခံစစ်ကစားသမား မူကိုင်လီတို့ပါဝင်လာခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပွဲစဉ် (၁၀)အကောင်းဆုံး ကစားသမား ဆုအတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သူများမှ နော်တင်ဟမ်အသင်းက မန်စီးတီးအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် နော်တင်ဟမ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူခဲ့သည့် ဒီလက်ပ်က ဆွတ်ခူးနိုင်ရန် ရေပန်းစားနေကြောင်း သိရသည်။

Ref : Premierleague
Trs : STA

၂၀၂၆ ခုနှစ် ၇၅နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၀

အားကစားရေးရာ ဝန်ကြီးဌာနပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တောင်ကြီးဂေါက်ကလပ်တို့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီက တောင်ကြီးဂေါက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ KBZ Bank နှင့် KBZ အုပ်စုတည်ထောင်သူ နာယက ဦးအောင်ကိုဝင်း၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အသင်းများမှ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဂေါက်သီးရိုက် အားကစား ဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာတာဝန်ရှိသူများက ပြိုင်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အထိမ်းအမှတ် ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့ပြီးနောက် တာဝန်ရှိသူများက အမှတ်တရသစ်ပင် စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားသမားများကို လိုက်လံနှုတ်ဆက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက Smoke ball များရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ယနေ့မှစတင်ပြီး နိုဝင်ဘာ ၁၅ ရက်ထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

STA

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အစိုးရအဖွဲ့က ဂျိုရှုအာဗန်ကို ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၀

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အစိုးရအဖွဲ့က မြန်မာဖိုက်တာ ဂျိုရှုအာဗန်ကို ယနေ့တွင် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

ဂျိုရှုအာဗန်သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် နေထိုင်သူဖြစ်ပြီး ၎င်းကို UFC ပြိုင်ပွဲ ဖလိုင်ဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ပြုသည့်အနေဖြင့် တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက် အဘော့လ် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် လက်ရှိတွင် UFC ကမ္ဘာ့ဖလိုင်ဝိတ်တန်းချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်ပြီး ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် နှစ်ပွဲထိုးသတ်ခဲ့ရာ နှစ်ပွဲလုံး အနိုင်ရထားကာ တတိယအကြိမ် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ပေါ်တူဂီဖိုက်တာ မာနယ် ကပ်နှင့် လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထပ်မံထိုးသတ်မည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် မာနယ်ကပ်နှင့် ထိုးသတ်မည့်ပွဲစဉ်အတွက် လေ့ကျင့်ပြင်ဆင်မှုများ လုပ်ဆောင်နေပြီး ပြီးခဲ့သည့်ရက်ပိုင်းက ဖလော်ရီဒါပြည်နယ် ဖလောဒါဒေးလ်မြို့တွင် သွားရောက်လေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဟူစတန်မြို့ရှိ နေအိမ်သို့ ပြန်လည် ရောက်ရှိချိန်တွင် တက္ကဆက်ပြည်နယ် အစိုးရအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာကို လက်ခံရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

၂၀၂၆ ခုနှစ်နေရာအလိုက် တစ်နှစ်တာအကောင်းဆုံးကစားသမား ၁၁ ဆုစာရင်းတွင် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုရရှိသည့် ဘိုင်ယန်မြို့နစ်အသင်းမှ ဟယ်ရီကိန်းမပါဝင်

ဘာလင် နိုဝင်ဘာ ၁၀

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ၂၀၂၆ ခုနှစ်အတွက် နေရာအလိုက် တစ်နှစ်တာ အကောင်းဆုံး ကစားသမား ၁၁ ဆုစာရင်းကို ထုတ်ပြန်ခဲ့ရာ ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု (Ballon d'Or) ရရှိသည့် ဘိုင်ယန်မြို့နစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းပါဝင်လာခဲ့ခြင်းမရှိခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီဖာက ၂၀၂၆ ခုနှစ်အတွက် နေရာအလိုက် တစ်နှစ်တာ အကောင်းဆုံးကစားသမား ၁၁ ဆုစာရင်းကို အစောပိုင်းနှစ်များတွင် ၄-၃-၃ ပုံစံဖြင့် ရွေးချယ်ခဲ့သော်လည်း ယခုနှစ်တွင် ၃-၃-၄ ပုံစံဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်အတွက် နေရာအလိုက်တစ်နှစ်တာ အကောင်းဆုံးကစားသမား ၁၁ ဆုစာရင်း၌ ဂိုးသမားနေရာတွင် အာဆင်နယ်အသင်းမှ ဂိုးသမားရာယာ၊ ခံစစ်ကစားသမား သုံးဦးနေရာတွင် လည်း ပီအက်စ်ဂျီအသင်းမှ ဟာကီမီ၊ မန်ဒက်၊ ဘာစီလိုနာအသင်းမှ ကူဘာစီ၊ ကွင်းလယ်ကစားသမား သုံးဦးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်၊ ဘာစီလိုနာအသင်းမှ ရှိဒရီ၊ ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာ၊တိုက်စစ်ကစားသမားလေးဦး နေရာတွင် မန်စီးတီးအသင်းမှ ဟာလန်း၊ အင်တာမီယာမီအသင်းမှ မက်ဆီ၊ ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်၊ ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘာပဲတို့ပါဝင်လာခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြို့နစ်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသပြီးနောက် ၂၀၂၆ ခုနှစ်၏ Ballon d'Or ဆုကိုဆွတ်ခူးခဲ့သော်လည်း ၂၀၂၆ ခုနှစ်အတွက် နေရာအလိုက် တစ်နှစ်တာ အကောင်းဆုံးကစားသမား ၁၁ဆုစာရင်းတွင် ပါဝင်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီနှင့် Century Beverages Co., Ltd တို့ Vita Max Title Sponsorship Signing Ceremony 2026 အခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာ့ဖူဆယ် အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြိုင်ပွဲများ ပိုမိုခမ်းနားစွာ ကျင်းပနိုင်ရေးအတွက်ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီနှင့် Vita Max တို့၏ Title Sponsorship Signing Ceremony 2026 အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ဖူဆယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ MFF အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ Century Beverages Co., Ltd (Vita Max) မှ Managing Director ဦးစိုင်းဝင်းအောင်၊ Marketing Manager ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ Myanmar Futsal League I & II ပြိုင်ပွဲဝင်မည့် ကလပ်သင်းများမှ အသင်းပိုင်ရှင်များ ကစားသမားများ တက်ရောက်ခဲ့ကြပြီး Title Sponsor အဖြစ် ပံ့ပိုးကူညီခြင်းသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် အခမ်းအနား၏ အဓိကအစီအစဉ်ဖြစ်သော Vita Max နှင့် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီတို့ကြား Title Sponsorship သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

STA

WTA Finals အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် အန်ဒရီဗာနှင့် ဆာဘာလင်ကာတို့ ကိုယ်စီအနိုင်ရ





ဝါရှင်တန် နိုဝင်ဘာ ၁၀

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် WTA Finals အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ယနေ့တွင် ကစားခဲ့ရာ ရုရှားတင်းနစ်မယ် အန်ဒရီဗာနှင့် ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

WTA Finals အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ယနေ့တွင် အန်ဒရီဗာနှင့် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာတို့ ကစားခဲ့ရာ အန်ဒရီဗာကဖိအားပေးကစားခဲ့ပြီး (၆-၄)၊ (၆-၀)ရလဒ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

အလားတူ အဆိုပါပြိုင်ပွဲတွင် အခြားအုပ်စုပွဲစဉ်အဖြစ် ဆာဘာလင်ကာနှင့် ချက်တင်းနစ်မယ် မူချီဗာတို့ကစားခဲ့ရာ အကြိတ်အနယ်ရှိခဲ့ပြီး ရမှတ်ပြတ်သားခြင်း မရှိဘဲ ဆာဘာလင်ကာက (၇-၆)၊ (၇-၅)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

WTA Finals အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၁ ရက်တွင် ယူကရိန်းတင်းနစ်မယ် ကေ့ယူခ်နှင့် အမေရိကန်တင်းနစ်မယ် ပီဂူလာ၊ အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် ချက်တင်းနစ်မယ် နော့စ်ကိုဗာတို့ ဆက်လက် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

သတိပြုရှောင်ရှား အွန်လိုင်းလောင်းကစားဂိမ်းများ

ထက်ဝေအောင်(စစ်ကိုင်း)

ရိုးရှင်းသော လူ့ဘဝတွင် စားဝတ်နေရေးအတွက် ကြိုးစားရုန်းကန်ရုစမြဲဖြစ်သည်။ အခက်အခဲအတားအဆီးမျိုးစုံဖြင့် ဘဝကိုပင်ပန်းကြီးစွာ ဖြတ်သန်းရသူများလည်းရှိသည်။ ဘဝတစ်လျှောက် အတားအဆီးအနည်းဆုံးဖြင့် အသက်ရှူချောင်လည်ကြသူများလည်းရှိသည်။ ဘဝပေးကုသိုလ်အကြောင်းတရားများကြောင့် အကျိုးဖြစ်ထွန်းရခြင်းသာဖြစ်သည်။ ဆင်းရဲ၊ ချမ်းသာလောကဓံအနိမ့်အမြင့် ကြုံဆုံကြရသည့်တိုင် မလဲမယိုင်နေထိုင်နိုင်ရန်သာလိုအပ်သည်။ လူ့စိတ်သည် အမြဲတစေလှုပ်ရှားယိမ်းယိုင်နေလေ့ရှိသည်။ ပုံစံမတူညီသော ဘဝကို တောင့်တပြီး လိုအင်ဆန္ဒပြည့်မီရေး အစဉ်သဖြင့် ကြံဆနေကြလေ့ရှိသည်။ ကောင်းသောဆန္ဒသည် ကောင်းသောအတွေးအကြံကို ဖြစ်စေသည်။ မကောင်းသော အတွေးအကြံက လမ်းမှားကို ရောက်စေသည်။ တချို့က စိတ်ကူးအကြံပြည့်စုံရေး ကံစမ်းလိုကြသူများရှိသည်။

အလုပ်လုပ်လျှင် ငွေဝင်နိုင်သည်။ ရိုးရိုးကျင့်မြင့်မြင့်ကြံလိုသူတိုင်း အလုပ်ကိုပိုကြိုးစားကြသည်။ ဘဝကို ရိုးရှင်းစွာဖြတ်သန်းပြီး ဆင်းရဲ၊ ချမ်းသာဘဝကို ကိုယ်တိုင်ဖန်တီးတည်ဆောက်သည်။ ကံကိုယုံ၍ ဆူးပုံနင်းသူများ မဟုတ်ကြပေ။ ချွေးနဲစာဖြင့် ရှာဖွေထားသော ဥစ္စာစည်းစိမ်များကိုလည်း မည်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို သိရှိကြသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်မလုပ်၊ ငွေအလွယ်ရသည့်အလုပ်ကို လုပ်ကိုင်လိုသူများလည်း တစ်နေ့တခြားပေါများလာသည်။ လောင်းကစားလုပ်သူတိုင်း မိမိ၏အနိုင်အရှုံးကို မမြင်သရွေ့ ရှုံးမြဲရှုံးနေမည်သာဖြစ်သည်။ တစ်လှည့်နိုင်၊ ဆယ်လှည့်ရှုံးလျှင် စီးပွားရေးကိုထိခိုက်နိုင်သည်။ တချို့ကငါးရာ၊ တစ်ထောင်ပေးဆပ်ရုံမျှဖြင့် သောင်းဂဏန်း၊ သိန်းဂဏန်းပြန်ရမည့်အခြေအနေကို မျှော်လင့်သည်။ မည်သူပြောပြော နားမယောင်ပေ။ ရှုံးကြွေးပမာဏကို မမှုဟန်ဖြင့် ရှေ့သို့သာတိုးသည်။ အနိုင်ရလျှင် အဆိုပါငွေကြေးဖြင့် ပြန်လည်ကစားရန် အကြံပေါ်စမြဖြစ်ပြီး လောင်းကြေးကို မြှင့်တင်ကြလေ့ရှိသည်။ လောင်းကစားစိတ်အဟုန်သည် လွန်စွာကြောက်စရာကောင်းလှသည်။ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာသော လောင်းကစားစိတ်ကို ချိုးနှိမ်ရန်လိုအပ်လှသည်။

အွန်လိုင်းလောင်းကစားဂိမ်းများသည် အင်တာနက်ကိုအသုံးပြု၍ ကစားရသည့်လောင်းကစားအမျိုးအစားများဖြစ်ပြီး ကာစီနိုဂိမ်းများ၊ အားကစားပွဲကို အခြေပြုထားသော လောင်းကစားများတွင် ငွေကြေးရင်းနှီးမြှုပ်နှံကာကံစမ်းကြရသည်။ အွန်လိုင်းလောင်းကစားအများစုသည် ကစားသူများအမြဲရှုံးနိမ့်စေရန် စီမံထားရှိခြင်းကြောင့် ရေရှည်တွင် ငွေကြေးများစွာ ဆုံးရှုံးနိုင်ပေသည်။ ကစားသူများ၏ စိတ်ပိုင်းဆိုင်ရာကို လွှမ်းမိုးနိုင်စွမ်းရှိသဖြင့် မိမိပိုင်ငွေကြေးကို ထိန်းချုပ်နိုင်စွမ်းမဲ့စွာ လောင်းကစားသဖြင့် အကြွေးတင်ခြင်း၊ မိသားစုနှင့်လူမှုဘဝထိခိုက်ပျက်စီးခြင်းများကိုလည်းဖြစ်စေသည်။ တစ်ဖန် တရားဝင်လိုင်စင်မရှိသော ဝက်ဘ်ဆိုက်များနှင့် အပလီကေးရှင်းများဖြစ်သဖြင့် မိမိ၏ ငွေကြေးများလိမ်လည်ခံရခြင်း၊ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခြင်းများလည်း ဖြစ်ပေါ်နိုင်ပေသည်။

လောင်းကစားဟူသမျှသည် ငွေကုန်ရုံမျှ မဟုတ်ဘဲ ကျန်းမာရေးကိုလည်းဆိုးရွားစွာ ထိခိုက်စေသည်။ ဆယ်ခါတစ်ခါ အောင်မြင်မှုရရှိခြင်းသည် ဘဝတွင် အမှန်တကယ် လုပ်ဆောင်ရမည့်အလုပ်များကို မေ့လျော့စေသည်။ သို့ဖြစ်၍ မမြင်နိုင်သည့် ကံစမ်းမှုကို ရှောင်ကြဉ်၍ မိမိပိုင်ငွေကြေးကို တန်ဖိုးထားရမည်ဖြစ်သည်။ လောင်းကစားလုပ်သူတိုင်း အောင်မြင်ကြီးပွားကာ မချမ်းသာနိုင်ပေ။ လူမှုစီးပွားဘဝများ ပျက်စီးသွားသည့်သာဓကများသာ ပေါပေါများများတွေ့ရသည်။ မိမိစိတ်ကို မိမိပိုင်စိုးရန်လိုအပ်သည်။ အပြောလွယ်လှသော်လည်း အလုပ်မှာ အလွန်ခက်ခဲသော အခြေအနေဖြစ်သည်။ ငြိမ်းချမ်းခြင်း၊ မငြိမ်းချမ်းခြင်းကို မိမိစိတ်ကသာ ဖန်တီးသည်ကို မည်သူမျှမငြင်းနိုင်ပေ။ ပတ်ဝန်းကျင်အခြေအနေကြောင့်ဖြစ်ရသည်ဆိုခြင်းထက် မိမိစိတ်မထားတတ်သဖြင့် ဖြစ်ရသည်က ပို၍နိုင်သည်။ တစ်ပါးသူပြုလုပ်သည့်အလုပ်ကို အတုခိုးကာ လိုက်လုပ်လေ့ရှိကြသည်။ မှန်ကန်သည့်အတုခိုးမှုများကို လက်ခံရမည်ဖြစ်သော်လည်း နည်းလမ်းမမှန်ကန်သည့် အတုခိုးမှုကို ရှောင်ရှားရမည်ဖြစ်သည်။



မိမိ၏စိတ်အခြေအနေကို မိမိသာအသိဆုံးဖြစ်သည်။ စိတ်သည် လွတ်လပ်မှုကို လွန်စွာနှစ်သက်သည်။ လွတ်လပ်ခြင်း၏အရသာကို ကောင်းစွာခံစားသည်။ မမြင်ကွယ်ရာအရာတွင် စိတ်သည်လှုပ်ရှားသည်။ မလုပ်ရဲ၊ မမှားရဲသော အလုပ်များကို ကျူးလွန်ရဲသည်။ စိတ်သည် ယိမ်းလွယ်ယိုင်လွယ်သည်။ အခြေအနေ၊ အချိန်အခါအလိုက် ပြောင်းလဲနေသဖြင့် စိတ်အခြေခိုင်ရန်လိုသည်။ မျှတသော စိတ်သည်သာ အေးချမ်းမှုရရှိသည်။ ဘဝကို အောင်မြင်အောင်၊ ကျရှုံးအောင် ထုဆစ်သူမှာ မိမိသာဖြစ်သည်။ မိမိ၏ စိတ်အလိုလိုက်မှုကြောင့်ဖြစ်ရသော ဘေးဥပဒ်အန္တရာယ်များသာ အဖြစ်များရလေ့ရှိသည်။

အွန်လိုင်းလောင်းကစားဂိမ်းများ၏ လုပ်ငန်းစဉ်တွင် ငွေကြေးအနိုင်ရရှိမှုကို ဖန်တီးပြီး လူ့စိတ်ပျော်ရွှင်မှုဖြစ်အောင် စတင်စည်းရုံးလုပ်ဆောင်သည်။ လူ့ဦးနှောက်၊ အမူအကျင့်ကို အခြေခံ၍ ဂိမ်းဒီဇိုင်းများ ရေးဆွဲထားခြင်းကြောင့် ဂိမ်းတစ်ပွဲနိုင်လျှင် ဦးနှောက်အတွင်းရှိ ပျော်ရွှင်မှုကိုဖြစ်စေသည့် ဟော်မုန်းများထွက်ပေါ်လာသည်။ နောက်တစ်ကြိမ် နိုင်ရမည်ဆိုသော စိတ်ကူးဖြင့် ထပ်မံကစားမှုကိုဖြစ်စေသဖြင့် "အစမလုပ်နှင့် ဂိမ်းစွဲသွားနိုင်သည်" ဟူ၍ သတိပေးရခြင်းဖြစ်သည်။ အဆိုပါ စလော့ဂိမ်းများသည် လောင်းကစားရုံများသို့ သွားရန်မလိုဘဲ ငွေကြေးပိုက်ဆံနှင့် ဖုန်းတစ်လုံးရှိရုံမျှဖြင့် အချိန်မရွေးဆော့ကစားနိုင်သည့် အခြေအနေဖြစ်သည်။ အမြဲတမ်းအနိုင်မပေးသည်ကို သတိပြုရမည်ဖြစ်သည်။ မိမိဘက်တွင် အမြဲတမ်းငွေကြေးဆုံးရှုံးမှုဖြစ်လာသည်ကို သုံးသပ်ဆင်ခြင်ရမည်ဖြစ်သည်။ မဆင်ခြင်နိုင်လျှင်၊ သတိဖြင့်မထိန်းချုပ်နိုင်လျှင် စိတ်အလိုမကျခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်အတက်အကျမြန်ခြင်းအစရှိသော စိတ်ပိုင်းဆိုင်ရာများဖြစ်ပေါ်လာနိုင်သည်။

အွန်လိုင်းလောင်းကစားမပြုလုပ်ရန် မည်သူမျှ တားဆီးမရနိုင်ဘဲ မိမိကိုယ်တိုင် ရပ်တန့်ပြုပြင်မှသာရရှိနိုင်သည်။ ဖုန်းအတွင်းရှိ ဂိမ်းများကို စိတ်မရောက်စေရန် မိမိဝါသနာပါရာ အားကစားပြုလုပ်ခြင်း၊ စာဖတ်ခြင်း၊ ပန်းချီဆွဲခြင်း အစရှိသောလုပ်ငန်းများဖြင့် မိမိဘဝကို အကောင်းဆုံးစီမံခန့်ခွဲရမည်ဖြစ်သည်။ အမှားကို သိရမည်ဖြစ်သည်။ မှားမှန်းမသိသရွေ့အမှန်မပြင်နိုင်ပေ။ လူငယ်များတွင် အားကစားတစ်ခုခု စွဲမြဲစွာလေ့ကျင့်ပြုလုပ်ရန်လိုသည်။ အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာသန်စွမ်းသောကိုယ်၊ ကြံ့ခိုင်သောစိတ်တို့ကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။ အလုပ်စားပွဲတွင် အထိုင်များသူများ ထိရောက်သောအားကစားလေ့ကျင့်ခန်းတစ်ခုပြုလုပ်သင့်သည်။ ထိုင်ထပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်း၊ မိမိခံနိုင်ရည်ရှိသောပြေးခြင်း ပြုလုပ်ပါက သွေးလည်ပတ်မှု အထူးကောင်းမွန်စေသည်။ မိမိတွင် မရှိအပ်သည့်အမူအကျင့်ကို ဖြည်းဖြည်းချင်း ဖျောက်ကြည့်ရမည်ဖြစ်သည်။ အခက်အခဲဟူသည် နေရာတိုင်းတွင် တည်ရှိနေပြီး မိမိအကောင်းဆုံး လုပ်ဆောင်နိုင်စွမ်းသာ အဓိကကျသည်။ မိမိစိတ်သာ အဓိကဖြစ်သည်။

အွန်လိုင်းဂိမ်းများကစား၍ ငွေကြေးအခက်အခဲဖြစ်သူများရှိနိုင်သည်။ အွန်လိုင်းငွေပေးချေမှုနည်းလမ်းများမှတစ်ဆင့် အလွယ်တကူ ကစားနေသည့် အွန်လိုင်းလောင်းကစားဂိမ်းများသည် ဆော့ကစားသူများကို မြှူဆွယ်သည်။ ယခင်ရှေးခေတ်က ဘိန်း၊ ယခုခေတ်တွင် ဂိမ်းဟူ၍ပင် ဆိုနိုင်သည်ထိဖြစ်လာသည်။ ဂိမ်းကစားသူများသည် အထိုင်အထနည်းလာသည်။ အသက်ငယ်ရွယ်၍သာမသိသာသော်လည်း မျက်စိနှင့်အာရုံကြောများသိသိသာသာထိခိုက်လာနိုင်သည်။ အမှန်တစ်ခါ အမှားတစ်ရာ ဖြစ်နေသည့်လောင်းကစားမှုသည် ရှုံးသည်ကများသည်။ ယနေ့အချိန်ထိ လောင်းကစားပြုလုပ်၍ ကြီးပွားသွားသူမှာ လွန်စွာရှားပါးသည်။ ဘဝပျက်အောင် ရှုံးသူသာများသည်။ နိုင်ခြေနည်းပါးသည့်လောင်းကစားခြင်းအမှုကို အစပျိုးမိသူများဖြတ်တောက်သင့်သည်။

အချုပ်အားဖြင့်ဆိုရလျှင် မာယာများ၊ လှည့်ကွက်များသော အွန်လိုင်းလောင်းကစားဂိမ်းများသည် မိမိဘဝကို ဖျက်ဆီးနိုင်သော အဖျက်ဂိမ်းများသဖွယ် ရှုမြင်၍ဆော့ကစားခြင်းများ ရပ်တန့်ရမည်ဖြစ်သည်။ ဂိမ်းကစားသူများကို အနိုင်မပေး၊ အလှည့်တိုင်း ငွေကြေးအမြောက်အမြား သိမ်းယူနေသည့်အွန်လိုင်းလောင်းကစားဟု ရှုမြင်ရမည်ဖြစ်သည်။ မိမိပိုင် ငွေကြေးကို ထိန်းသိမ်းရန်လိုသည်။ ငွေကြေးကို ရိုးသားစွာ ရှာဖွေကြရမည်။ ငွေကြေးကို မိမိကိုယ်တိုင် အသုံးနှင့်အဖြုန်းစနစ်တကျစီမံနိုင်ရမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် အွန်လိုင်းလောင်းကစားဂိမ်းများ ကင်းစင်လျက် ဂိမ်းကစားခြင်းမှသည် ငွေကြေးစုဆောင်းသူ၊ ငွေကြေးပြည့်စုံသူ၊ လောကကို အကျိုးပြုပံ့ပိုးနိုင်သူများ ဖြစ်လာမည်ဆိုလျှင် နိုင်ငံတော်အတွက် တန်ဖိုးရှိသော လူမှုပတ်ဝန်းကျင် တစ်ခုဖြစ်လာနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

တံတားမြို့နယ်ရှိ ရွှေဆံတော်စေတီတော် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



တံတားမြို့နယ်ရှိ ရွှေဆံတော်စေတီတော်ကို ဖူးတွေ့ရစဉ်။

တံတား နိုဝင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့နယ်ရှိ ရွှေဆံတော်စေတီတော် (၁၃၁) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် (၄၉) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေဆံတော်စေတီ ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတွင် ယခင်နှစ်များအတိုင်း ရက်ကန်းစင်ခုနစ်စင်ဖြင့် ရှေးစဉ်လာ မပျက် ရက်လုပ်ပူဇော်သွားမှာဖြစ်ပြီး ရက်လုပ်ပြီးစီးသွားသည့် မသိုးသင်္ကန်းများကို လပြည့်နေ့ နံနက် ၄ နာရီ မိနစ် ၃၀ တွင် စေတီတော်ရင်ပြင်သတ်မှတ်တန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို မသိုးသင်္ကန်းကပ်လှူ ပူဇော်သွားမှည်ဖြစ်ကြောင်း သိရသည်။

"မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကတော့ ပြိုင်ပွဲမဟုတ်တဲ့အတွက် စိတ်အေးချမ်းသာစွာ ကုသိုလ်ရေ့ထားပြီးတော့ ရက်လုပ်ပူဇော်ကြမှာဖြစ်ပါတယ်။ ယခုနှစ်မှာလဲ ယခင်နှစ်တွေအတိုင်း ရက်လုပ်ပြီး သင်္ကန်းတော်တွေကို ရွှေဆံတော်စေတီတော် အထက်ပစ္စယံမှာ သီတင်းသုံးနေတဲ့ ပဥ္စလောဟာ ဗုဒ္ဓရုပ်ပွားတော်ကြီးနဲ့ သတ်မှတ်တန်ဆောင်းအသီးသီးက ဗုဒ္ဓရုပ်ပွားတော်တွေကို မသိုးသင်္ကန်းများ ဆက်ကပ်ပူဇော်သွားမှာဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နေ့လယ် ၂ နာရီတွင် (မြို့တွင်းသို့) နှစ်ကျိပ်ရှစ်ဆူကုန်သော ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံမှာ ဖြစ်ပါတယ်"ဟု ဦးအေးကိုက ပြောပြသည်။ ASH

State of Emergency ဇာတ်ကားဌ် မင်းသမီး ဘရစ်ဘနီအိုဂရက်ဒီ ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၁၀

State of Emergency အမည်ရှိ လျှို့ဝှက်သည်းဖိဇာတ်ကားဌ် မင်းသမီး ဘရစ်ဘနီအိုဂရက်ဒီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဘရစ်ဘနီအိုဂရက်ဒီသည် The White Lotus ဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီးဖြစ်သည်။

State of Emergency ဇာတ်ကားကို ရွှေကမ္ဘာလုံးဆုရ ဒါရိုက်တာ ဂရက်ယိုင်တာနက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ ဂရက်ယိုင်တာနက်သည် House of Dragon၊ Presumed Innocent နှင့် House ဇာတ်လမ်းတွဲများကို ရိုက်ကူးခဲ့သူဖြစ်သည်။

State of Emergency ဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နစ်လင်ဒင် တန်က ရေးသားပေးထားကြောင်း သိရသည်။

State of Emergency ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို လာမည့်နှစ်အတွင်း စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





တောင်ကြီး မီးပုံးပျံနှင့် ဂီတည တေးဂီတဖျော်ဖြေပွဲကို တောင်ကြီးမြို့ရှိ တပေါင်းကွင်း၌ ပြုလုပ်သွားမည်ဖြစ်



တောင်ကြီး နိုဝင်ဘာ ၁၀

တောင်ကြီး မီးပုံးပျံနှင့် ဂီတည တေးဂီတဖျော်ဖြေပွဲကို BBTT Entertainment ၏ စီစဉ်မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပေါင်းကွင်း (ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း) ၌ လာမည့် နိုဝင်ဘာ ၁၅ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် နီနီခင်ဇော်ထံမှ သိရသည်။

အဆိုပါ တောင်ကြီး မီးပုံးပျံနှင့် ဂီတည တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မျိုးကျော့မြိုင်၊ လှိုင်ဦးမော်၊ ဂျီလတ်၊ ဝေလ၊ ဟန်နေတာ၊ ထွန်းအိန္ဒြာဗို၊ ဆုန်သင်းပါရဲ၊ နီနီခင်ဇော်တို့က သီဆိုဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

"နီနီတို့ သီချင်းတွေကို အကိုအမတွေနဲ့ပေါင်းပြီးတော့မှ အကောင်းဆုံးဖျော်ဖြေတင်ဆက်ပေးသွားမှာပါ။ နိုဝင်ဘာ ၁၅ ရက်မှာ ကျင်းပမဲ့ တောင်ကြီးမီးပုံးပျံနှင့် ဂီတည တေးဂီတဖျော်ဖြေပွဲလေးကို လာရောက် အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် နီနီခင်ဇော်က ပြောပြသည်။

ထို့ပြင် DJ Dank ကလည်း အကောင်းဆုံး ပံ့ပိုးတီခတ်ပေးသွားမည်ဖြစ်ပြီး ပွဲစဉ်တစ်လျှောက်လုံးတွင် တေးဂီတဖျော်ဖြေပွဲအခမ်းအနားမျူးများအဖြစ် တေဇာကျော်နှင့် သဲသဲဇာဗိုတို့က ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ASH

ဝါနာဘရားသား၏ Nasty ဇာတ်ကားတွင် မင်းသား ဂျပ်စတင်လောင်း ပါဝင်သရုပ်ဆောင်မည်

နယူးယောက် နိုဝင်ဘာ ၁၀

ဝါနာဘရားသားကုမ္ပဏီ၏ Nasty ဒရာမာဇာတ်ကားတွင် မင်းသား ဂျပ်စတင်လောင်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

Nasty ဇာတ်ကားတွင် မင်းသား ဂျပ်စတင်လောင်းသည် မင်းသမီး ဂျန်နာအော်တေဂါ၊ ရိုဘန်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Nasty ဇာတ်ကားသည် အိုလံပစ်ကျွမ်းဘား အားကစားအသင်း၌ နေရာတစ်နေရာရရှိရန် ကြိုးပမ်းနေကြသည့် အားကစားမယ်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Nasty ဇာတ်ကား၌ မင်းသား ဂျပ်စတင်လောင်း ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို ဝါနာဘရာသားကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

Nasty ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ မာရီဘာရွှန်းစတိန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အစ္စာဘဲလားဂျားရော့က ရေးသားပေးထားသည်။

Nasty ဒရာမာဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို နိုဝင်ဘာလလယ်ပိုင်းအတွင်း နယူးအော်လိန်းပြည်နယ်၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



တောင့်တအပ်သော သစ္စာ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာလတတိယပတ်တွင် မဟာရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

ရန်ကုန် နိုဝင်ဘာ ၁၀

Royal King ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် တောင့်တအပ်သော သစ္စာရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာလ တတိယပတ်တွင် မဟာရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း ဒါရိုက်တာ ထက်ကြီးထံမှ သိရသည်။

အဆိုပါ တောင့်တအပ်သော သစ္စာရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လုံမနှင့် ယွန်းသခင်တို့က ရေးသားထားပြီး လုံမ၊ ယွန်းသခင်၊ နေမျိုးအောင်နှင့် ဒီမိုလွှမ်းတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ထက်ကြီးက Royal King ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာတော့ အချစ်ကို ဘယ်တော့မှ အလေးမထားခဲ့ဖူးသူ၊ အချစ်နဲ့ အဝေးဆုံးမှာနေခဲ့သူတစ်ယောက်အတွက် ကံကြမ္မာရဲ့ အလှည့်အပြောင်းက စစ်မှန်တဲ့ မေတ္တာတရားဆီကို ဘယ်လို ပို့ဆောင်ပေးလာမလဲ၊ နားလည်မှုလွဲမှားခြင်းတွေနဲ့ သစ္စာတရားကို စမ်းသပ်မဲ့ ဘဝရဲ့ အချိုးအကွေ့တွေကို ရင်ခုန်စိတ်လှုပ်ရှားဖွယ် ကြည့်ရှုရမဲ့ ရုပ်သံဇာတ်လမ်းတွဲ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ထက်ကြီးက ပြောပြသည်။

တောင့်တအပ်သော သစ္စာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် အုပ်စိုးခန့်၊ ညီနန္ဒ၊ မင်းတော်ဝင်၊ ဘုန်းလျှံ၊ ထက်ထက်ထွန်း၊ ဝေလာရီ၊ နန်းခင်ဇေယျာ၊ ဆုထက်လှိုင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

President U Min Aung Hlaing opens the ceremony to launch Space-Themed Painting, Cartoon and Poster Competitions for Basic Education Students and Space Technology Exhibitions



President U Min Aung Hlaing cordially greets student youths.

Nay Pyi Taw November 10

The opening ceremony of the Space-Themed Painting, Cartoon and Poster Competitions for Basic Education Students and Space Technology Exhibitions was held at the Myanmar International Convention Centre-I (MICC-I) in Nay Pyi Taw this morning, with President of the Republic of the Union of Myanmar U Min Aung Hlaing attending and formally inaugurating the event.

Als present at the ceremony were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, Union Ministers, the Chief Executive Officer of the Myanmar Space Agency, the Chairman of the Nay Pyi Taw Council, the Chairman of the Space Science and Technology Development Commission, senior military officers from the Office of the Commander-in-Chief; deputy ministers, officials from the agency and the commission, teachers, student contestants, artistes, and other officials.

On his arrival at the MICC-I, the President was warmly welcomed by officials, bands, students and artistes.

The ceremony then commenced, and the President formally inaugurated the competition and the exhibition by pressing a button using digital technology.

Afterwards, the President and party explored the space technology exhibitions with keen interest, visiting the Space and AI Technology-Based Agricultural Systems Exhibition, the Weather and Environmental Monitoring System, Satellite Technology Applications, AI Question-and-Answer Section and AI-Powered Interactive Games at the Space and AI Technology Applications Exhibition, the Robotics Technology Exhibition, the Science, Technology, Engineering and Mathematics (STEM) Exhibition, the Astronomy and Space Science Exhibition, the Space Exploration Exhibition, and the Deep Space Exploration Research Exhibition. Officials conducted the President and party round the booths of the exhibition.

In responding to the clarifications, the President emphasized that, as the world was undergoing continuous development and change, it was essential to acquire a thorough understanding of the space technologies required by the country and make effective use of them. He stressed the need for continuous research and concerted efforts to apply space and artificial intelligence (AI) technologies in analysis and assessment to promote the development of agriculture and livestock breeding, the country's main economic sectors, and to obtain information on soil, water and crop conditions for timely planning and management. He also highlighted the importance of using space technology to collect data on the country's natural resources, including water resources, and making effective use of such information. Furthermore, he underscored the need to foster greater interest in space technology by organizing space-related exhibitions and competitions and continuously upgrading and enhancing space-related knowledge in line with the times to ensure that younger generations gain a better understanding of the subject. He also gave necessary guidance to officials.

The President emphasized that, as the world was undergoing continuous development and change, it was essential to acquire a thorough understanding of the space technologies required by the country and make effective use of them. He stressed the need for continuous research and concerted efforts to apply space and artificial intelligence (AI) technologies in analysis and assessment to promote the development of agriculture and livestock breeding, the country's main economic sectors, and to obtain information on soil, water and crop conditions for timely planning and management. He also highlighted the importance of using space technology to collect data on the country's natural resources, including water resources, and making effective use of such information. Furthermore, he underscored the need to foster greater interest in space technology by organizing space-related exhibitions and competitions and continuously upgrading and enhancing space-related knowledge in line with the times to ensure that younger generations gain a better understanding of the subject.

The President and party observed the participation of students at the Basic Education Level Space-Themed Painting, Cartoon and Poster Competitions.

The President also viewed round the prize winning works of the previous painting, cartoon and poster contest.

The President and party posed for documentary photos. After the ceremony, the President cordially greeted styudent youths.

The Space-Themed Painting, Cartoon and Poster Competitions for Basic Education Students are being organized under the supervision of the Nay Pyi Taw Council and the Myanmar Space Agency with the aim of encouraging future generations of young people to take an interest in space science and technology and to express their scientific ideas and imagination through art. The competitions will be held in three categories: the primary education level, under the theme "Dreams of Space," today; the middle school level, under the theme "Humanity and the Future of Space," on 11 November; and the high school level, under the theme "Exploring and Applying Space Technology," on 12 November. The prize-giving ceremony will take place on 13 November. MNA



President U Min Aung Hlaing observes an exhibition booth.

At least 11 killed, 48 others injured in two pile-up accidents in Bulgaria: PM

Sofia November 10

At least 11 people were killed and 48 others injured in two multi-vehicle chain collisions on the Trakia motorway near Yambol in Southeast Bulgaria on Tuesday morning.

"The result so far is 11 dead and 48 injured," Bulgarian Prime Minister Rumen Radev said in Varna at a joint briefing with European Commission President Ursula von der Leyen, who was paying a visit to Bulgaria.

Later on, Bulgarian Deputy Minister of Interior Kaloyan Kaloyanov said at a press conference at the scene of the crash that 10 died at the scene, and one died later in hospital.

He said that one of the chain-reaction accidents occurred in the direction of Burgas, and the other in the direction of Sofia. A total of 86 vehicles were involved in the two chain-reaction accidents, including 63 on the lane heading toward Burgas and 23 on the lane heading toward Sofia, Kaloyanov said.

Xinhua

Ministry of Foreign Affairs summons Chargé d'Affaires of the German Embassy over his video statement released via social media



Deputy Minister for Foreign Affairs U Ko Ko Kyaw meets Mr. Mathias Licharz, Chargé d'Affaires of the German Embassy in Yangon.

Nay Pyi Taw November 10

Deputy Minister for Foreign Affairs U Ko Ko Kyaw summoned Mr. Mathias Licharz, Chargé d'Affaires of the German Embassy in Yangon to the Ministry of Foreign Affairs on 10 November 2026, warned against the video of the Chargé d'Affaires released via the Embassy's official social media on 8 November 2026 and handed over the aide-memoire.

At the meeting, the Deputy Minister said that being Germany with well-established democracy in Europe, Myanmar had expected the Chargé d'Affaires to devote his efforts primarily to diplomatic duties, guided by a sense of professionalism. He also mentioned that the democratically elected Government was taking state responsibilities in Myanmar and the statement of the Chargé d'Affaires constituted a grave insult to the Head of State of the host country as well as over 13.13 million Myanmar voters who exercised their democratic rights and participated in the election. He added that the intentional conduct, including the choice of location for the video by the Chargé d'Affaires appeared to fuel opposition to the host country and its Government, thereby inciting internal unrest and undermining the credibility of the Government. He underscored that while the Government of Myanmar was making concerted efforts to achieve its two priority objectives of promoting peace and stability and advancing national development, such actions could be detrimental to national stability. In addition, he stressed that the video statement constituted a disrespectful interference in Myanmar's domestic jurisdiction and was therefore totally unacceptable.

Furthermore, the Deputy Minister stated that the conduct of Chargé d'Affaires also drew strong public criticism, expressing their disapproval of the Chargé d'Affaires' inappropriate behavior on social media. The Deputy Minister pointed out that the obligations of diplomatic agents under Article 41(1) of the Vienna Convention on Diplomatic Relations of 1961, particularly the duty to respect the laws and regulations of the receiving State and not to interfere in its internal affairs. The Deputy Minister also stated that should the Chargé d'Affaires choose to recognize U Win Myint as President and wish to discontinue his service in Myanmar, the Ministry would have no objection to his decision. Moreover he highlighted that despite Myanmar attached importance to its relations with Germany, mutual respect, sovereign equality and non-interference were essential foundations of diplomatic relations and must be strictly observed. He informed that the behavior of the Chargé d'Affaires was incompatible with the standards of diplomatic discretion and restraint and therefore strongly objected it.

The Deputy Minister also demanded a formal explanation on the conduct of the Chargé d'Affaires including whether the statement, the choice of location and its public dissemination were authorized or instructed by the German Federal Foreign Office or on his own initiative. Finally, the Deputy Minister strongly warned against recurrence of such act and informed him that any similar conduct would be treated with utmost seriousness and would take appropriate actions in accordance with international law and established diplomatic practice.

MNA

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) underway

Continued systematic demolition of a 5-storey building used for online gambling operations in Part-II of the Shwe Kokko area.





Before demolition.





Demolition using heavy machinery.

Nay Pyi Taw November 10

In cooperation with neighboring and regional countries, the government has taken measures to completely wipe out online scams and gambling, which have posed a threat to the global socio-economic arena and national security, and to systematically and totally demolish illegal buildings in Shwe Kokko, where most of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, mechanical demolition a 5-storey illegal building and a 6-storey one among those used in online scams and gambling in Shwe Kokko (Part-II) and left for destruction completed up to 75 percent and 20 percent respectively today.

Out of 63 buildings used in online scams and gambling and left for destruction in Shwe Kokko (Part-II), the dismantling of 10 buildings including four for detonation and six for mechanical demolition has been completed and plans are underway to systematically demolish the remaining 53 buildings. 100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

အိန္ဒိယက မျိုးဆက်သစ် ကော်ဗက်စစ်သင်္ဘောရှစ်စီးတည်ဆောက်ရန် ကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စာချုပ်များ လက်မှတ်ရေးထိုး



အိန္ဒိယနိုင်ငံသည် ရန်သူ့စစ်သင်္ဘောများကို တိုက်ခိုက်ခြင်း၊ ရေငုပ်သင်္ဘောများကို ရှာဖွေတိုက်ဖျက်ခြင်း၊ ကမ်းရိုးတန်းကာကွယ်ရေးနှင့် ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများ လုံခြုံရေးအတွက် အသုံးပြုမည့်မျိုးဆက်သစ် ကော်ဗက်စစ်သင်္ဘော (Next-Generation Corvettes) ရှစ်စီးတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ တန်ဖိုးရှိ စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ယခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနသည် အဆိုပါစာချုပ်များကို နယူးဒေလီမြို့၌ နိုင်ငံပိုင်သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီနှစ်ခုနှင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ တန်ဖိုးရှိ စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ယခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနသည် အဆိုပါစာချုပ်များကို နယူးဒေလီမြို့၌ နိုင်ငံပိုင်သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီနှစ်ခုနှင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ Garden Reach Shipbuilders & Engineers ကုမ္ပဏီက စစ်သင်္ဘောငါးစီးကို တည်ဆောက်မည်ဖြစ်ပြီး Goa Shipyard Limited က ကျန်သုံးစီးကို တည်ဆောက်သွားမည်ဖြစ်သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ယခုစီမံကိန်းသည် အိန္ဒိယရေတပ်က ကိုယ်တိုင်ဒီဇိုင်းရေးဆွဲထားသည့် စစ်သင်္ဘောများကို နိုင်ငံပိုင် ကာကွယ်ရေးသင်္ဘောကျင်းများ၌ တည်ကျယ်ပြန့်သော အစီအစဉ်တစ်ရပ်၏ ဆောက်မည့်ပထမဆုံးစီမံကိန်းဖြစ်သည်။

အဆိုပါ ကော်ဗက်စစ်သင်္ဘောများတွင် ဒုံးကျည်များ၊ အခြားလက်နက်စနစ်များနှင့် အာရုံခံထောက်လှမ်းရေးကိရိယာများတပ်ဆင်သွားမည်ဖြစ်သည်။ ၎င်းစနစ်များသည် ဝေဟင်၊ ရေပြင်နှင့် ရေအောက်ရှိ ခြိမ်းခြောက်မှုများကို ရှာဖွေထောက်လှမ်းပြီး တိုက်ခိုက်နိုင်ရန်ရည်ရွယ်ထားသည်။

ထို့ပြင် ကမ်းရိုးတန်းအနီး ရေတိမ်ပိုင်းဒေသများ၌ တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်ခြင်း၊ ရေကြောင်းစောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကမ်းရိုးတန်းရေပြင်များတွင် ရေတပ်အင်အား ဆက်လက်တည်ရှိစေရေးတို့ကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သင်္ဘောတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အိန္ဒိယနိုင်ငံအတွင်းရှိ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် နည်းပညာပံ့ပိုးပေးသည့် ကုမ္ပဏီများပါဝင်မည်ဖြစ်ပြီး အဓိက သင်္ဘောကျင်းနှစ်ခုကို ပံ့ပိုးပေးနေသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများလည်း ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။

ကော်ဗက်စစ်သင်္ဘောတည်ဆောက်ရေးစီမံကိန်းသည် ဒေသတွင်း ရေယာဉ်သွားလာလှုပ်ရှားမှုများကို စောင့်ကြည့်ထိန်းချုပ်နိုင်စွမ်းအပါအဝင် အိန္ဒိယနိုင်ငံ၏ ရေကြောင်းလုံခြုံရေးစွမ်းရည်ကို ပိုမိုမြှင့်တင်ရန် ကြိုးပမ်းနေသည့် အစီအစဉ်တစ်ရပ်၏ ဘာသာပြန်ဆိုထားပါသည်။

ယခုနှစ်အစောပိုင်းတွင် Vantor ကုမ္ပဏီသည် အိန္ဒိယရေတပ်နှင့် အင်ဒို-ပစိဖိတ်ဒေသရှိ မိတ်ဖက်နိုင်ငံများအတွက် ဂြိုဟ်တုထောက်လှမ်းရေးအချက်အလက်များ ပံ့ပိုးပေးရန် အမေရိကန်ရေတပ်ထံမှ စာချုပ်တစ်ရပ်ရရှိခဲ့သည်။

Vantor ကုမ္ပဏီ၏ Maritime Sentry စနစ်သည် ဉာဏ်ရည်တု (AI) နည်းပညာကို အသုံးပြု၍ဂြိုဟ်တုမှရရှိသော ရေဒါပုံရိပ်များနှင့် အလင်းမြင်ကွင်းပုံရိပ်များကို ခွဲခြမ်းစိတ်ဖြာကာ သမုဒ္ဒရာရေပြင်တစ်လျှောက်ရှိသင်္ဘောများကို ခွဲခြားသတ်မှတ်ခြင်းနှင့် ခြေရာခံစောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။

Maritime Sentry စနစ်သည် သင်္ဘောတည်နေရာနှင့် အထောက်အထားကို ဖော်ထုတ်ရာတွင် ပုံမှန်အသုံးပြုသည့် အလိုအလျောက် သင်္ဘောအမှတ်အသား ပြစနစ် (Automatic Identification System–AIS) ၏ အချက်ပြမှုများကို ပိတ်ထားခြင်း၊ ပြုပြင်ပြောင်းလဲထုတ်လွှင့်ခြင်း သို့မဟုတ် လုံးဝထုတ်လွှင့်ခြင်းမရှိသည့် "Dark Vessels" ဟုခေါ်သော ခြေရာခံရန် ခက်ခဲသည့် သင်္ဘောများကိုပါ ရှာဖွေဖော်ထုတ်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

India Signs $5.7B Deal for Eight Next-Generation Corvettes ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်ကြည်းတပ်က ဘောလ်တစ်ပင်လယ်ပြင်တွင် FD-1 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်လေ့ကျင့်ခဲ့



အမေရိကန်ကြည်းတပ်သည် ရန်သူ့မောင်းသူမဲ့လေယာဉ်များကို ကုန်ကျစရိတ်သက်သာစွာ တန်ပြန်နိုင်မည့် နည်းလမ်းများ ရှာဖွေလျက်ရှိရာ ဘောလ်တစ်ပင်လယ်ပြင်တွင် FD-1 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများကို စမ်းသပ်လေ့ကျင့်ခဲ့ကြောင်း Defence Blog သတင်းဌာနက နိုဝင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Operation Audacious Fury ဟု အမည်ပေးထားသည့် အဆိုပါလေ့ကျင့်မှုကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၆ ရက်ထိ ပိုလန်နိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းရှိ Ustka လေ့ကျင့်ရေးနယ်မြေ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းစမ်းသပ်လေ့ကျင့်မှုကို အမေရိကန်ကြည်းတပ်၏ အမှတ်(၅၂) လေကြောင်းရန် အမြောက်တပ်မဟာ လက်အောက်ရှိ အမှတ်(၅) တပ်ရင်း၊ အမှတ်(၄) လေကြောင်းရန်အမြောက်တပ်ရင်းကြီး၏ နည်းဗျူဟာပေါင်းစည်းတပ်ဖြန့်ရေးတပ်ခွဲက ဦးဆောင်ခဲ့သည်။

လေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်မှာ Group 1မှ Group 3 ထိ အမျိုးအစားခွဲခြားထားသည့် မောင်းသူမဲ့လေယာဉ်များကို တန်ပြန်ရန် ကုန်ကျစရိတ်သက်သာပြီး တာတိုအကွာအဝေးတွင် အသုံးပြုနိုင်သော ကြားဖြတ်ဟန့်တားရေးစနစ်များကို ပိုမို အသုံးပြုနိုင်ရေးဖြစ်သည်။ အဆိုပါ အမျိုးအစားများတွင် ပန်ကာလေးလုံးတပ် မောင်းသူမဲ့လေယာဉ်ငယ်များမှ အရွယ်အစားပိုမိုကြီးမားသည့်တောင်ပံပုံသေတပ် မောင်းသူမဲ့လေယာဉ်များထိပါဝင်သည်။

FD-1 ဒရုန်းသည် Global Ordnance ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Mountain Horse Solutions ကုမ္ပဏီက ထုတ်လုပ်ထားသည့် FPV (First-Person View) အမျိုးအစား ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းဖြစ်သည်။ အော်ပရေတာတစ်ဦးက မောင်းနှင်ထိန်းချုပ်ကာ ရန်သူ့မောင်းသူမဲ့လေယာဉ်နှင့် တိုက်ရိုက်ထိတွေ့စေ၍ ကြားဖြတ်ဟန့်တားနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

ထုတ်လုပ်သည့်ကုမ္ပဏီ၏ အဆိုအရ FD-1ဒရုန်းကို သီးခြားအသုံးပြုနိုင်သကဲ့သို့ ရှိပြီးသား ရေဒါနှင့် အာရုံခံထောက်လှမ်းရေးစနစ်များမှ ပစ်မှတ်ညွှန်ပြချက်များကို လက်ခံအသုံးပြုနိုင်သည်။ ထို့ပြင် စနစ်ကို ပြင်ဆင်တပ်ဆင်ပြီး နှစ်မိနစ်အောက်အတွင်း ပျံတက်အသုံးပြုနိုင်ကြောင်း သိရသည်။ ပစ်မှတ်တစ်ခုကို တိုက်ခိုက်ဟန့်တားရန် အော်ပရေတာ၏ ခွင့်ပြုချက်ကို အကြိမ်တိုင်းရယူရသည့် လူသားကြီးကြပ်မှုစနစ်လည်းပါဝင်သည်။

အမေရိကန်ကြည်းတပ်၏ FD-1 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း စမ်းသပ်လေ့ကျင့်မှုသည် ခေတ်သစ်စစ်မြေပြင်တွင် မောင်းသူမဲ့လေယာဉ်အမြောက်အမြား၏ ခြိမ်းခြောက်မှုကို တုံ့ပြန်ရာ၌ ကုန်ကျစရိတ်သက်သာပြီး လျင်မြန်စွာ အသုံးပြုနိုင်သော ကြားဖြတ်တိုက်ခိုက်ရေးစနစ်များ၏ အရေးပါမှုမြင့်တက်လာနေကြောင်း ပြသနေသည်။

အထူးသဖြင့် တန်ဖိုးမြင့်လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များကို ပစ်မှတ်တိုင်းအတွက် အသုံးပြုခြင်းထက် ခြိမ်းခြောက်မှုအမျိုးအစားနှင့် ကိုက်ညီသည့် တုံ့ပြန်ရေးနည်းလမ်းများကို ရွေးချယ်အသုံးပြုခြင်းသည် လက်နက်ခဲယမ်းသုံးစွဲမှုနှင့် ကာကွယ်ရေးကုန်ကျစရိတ်ကို ထိန်းညှိနိုင်မည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ ထို့ပြင် FD-1 ဒရုန်းကို ရေဒါနှင့် အခြားအာရုံခံ ထောက်လှမ်းရေးစနစ်များမှ ပစ်မှတ်ညွှန်ပြချက်များနှင့် ပေါင်းစပ်အသုံးပြုနိုင်ခြင်း၊ လူသား၏ ခွင့်ပြုချက်ဖြင့်သာ တိုက်ခိုက်ဟန့်တားခြင်းတို့သည် နည်းပညာအသစ်များကို ရှိပြီးသား လေကြောင်းရန် ကာကွယ်ရေးစနစ်များအတွင်း ထည့်သွင်းပေါင်းစပ်နိုင်ရေးနှင့် လူသား၏ ကြီးကြပ်ဆုံးဖြတ်မှုကို ဆက်လက်ထိန်းသိမ်းရေးတို့၏ အရေးပါမှုကို ဖော်ပြနေကြောင်း သိရသည်။

U.S. Army tests FD-1 drone interceptor over the Baltic Sea ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး



လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွဲ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

စေတုတ္တရာမြို့နယ် မွန်ဇော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



စေတုတ္တရာ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွန်ဇော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မွန်ဇော်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၁၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မွန်ဇော်ကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

ချိုလေး

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

စစ်ကိုင်း နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ဖူးစားပြောင်းဖူးရေ ၂၁၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဖူးစားပြောင်း ၆၄၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဖူးစားပြောင်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။



ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအရောဂိစီအမှုဆောင်အရာရှိချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာအာကာသအရောဂိစီနှင့် အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာရှင်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁သို့ ရောက်ရှိလာရာ တာဝန်ရှိသူများ၊ ဘင်ခရာအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာရှင်များက လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကိုစတင်ကျင်းပရာ နိုင်ငံတော်သမ္မတက အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အာကာသနည်းပညာဆိုင်ရာ ပြခန်းများဖြစ်သည့် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံနည်းပညာ၊ အင်ဂျင်နီယာနှင့် သချိုင်းပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသပိပ္ပံပြခန်း၊ အာကာသစူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသော အာကာသစူးစမ်းလေ့လာရေး သုတေသနပြခန်းတို့အတွင်း ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာရာ ပြခန်းအလိုက်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံအတွက် လိုအပ်သည့်အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့် သီးနှံအခြေအနေကိုသိရှိပြီး အချိန်မီ စီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ်သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိအသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ အာကာသနှင့်ပတ်သက်သည့် ပြပွဲများပြိုင်ပွဲများကျင်းပပေးခြင်း၊ အာကာသနှင့် ပတ်သက်သည့်အသိပညာများကို မျိုးဆက်သစ်လူငယ်မောင်မယ်များသိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကိုစိတ်ပါဝင်စားမှုမြင့်တက်လာစေရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့်အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူလေးများ၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့

လွှတ်တော်လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်စည်းကမ်းများ နိုင်ငံတကာစံနှုန်းနှင့်အညီကျင့်သုံးနိုင်ရေး ရှင်းလင်းတင်ပြ



နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက နိုင်ငံတကာလွှတ်တော်များတွင်ကျင့်သုံးလျက်ရှိသော မေးခွန်းမေးမြန်းခြင်း၊အဆိုတင်သွင်းခြင်းဆိုင်ရာ လွှတ်တော်လုပ်ထုံးလုပ်နည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်း(Code of Conduct COC)ဆိုင်ရာ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြပွဲတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏အဓိကတာဝန်များဖြစ်သည့် ဥပဒေပြုရေး၊ ပြည်သူကိုယ်စားပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အပေါ် စောင့်ကြည့်ထိန်းကျောင်းရေးတို့၌ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်း၏ အရေးပါမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမေရိကန်၊ ဖြိတိန်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့၏ လွှတ်တော်လုပ်ထုံးလုပ်နည်းများကို အကျဉ်းချုပ်နှိုင်းယှဉ်တင်ပြပြီး မြန်မာနိုင်ငံပြည်သူ့လွှတ်တော် နည်းဥပဒေများပါ မေးခွန်းဆိုင်ရာပြဋ္ဌာန်းချက်များ(နည်းဥပဒေ ၁၃၉ မှ ၁၄၄)နှင့် အဆိုဆိုင်ရာပြဋ္ဌာန်းချက်များ(နည်းဥပဒေ ၁၅၅ မှ ၁၅၈)တို့ကိုအခြေခံ၍ လိုက်နာရမည့် သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်း(Code of Conduct-COC)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏တာဝန်များကိုထမ်းဆောင်ရာတွင် ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူအကျိုးကို ဦးစားပေးမှုတို့ကို အခြေခံ၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရာထူးနှင့် လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အသုံးချခြင်းနှင့် အကျိုးစီးပွားပဋိပက္ခဖြစ်ပေါ်စေခြင်းများကို ရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ ကျင့်ဝတ်စည်းကမ်းများသည် လွှတ်တော်၏ဂုဏ်သိက္ခာနှင့် ပြည်သူ့ယုံကြည်မှုကို ထိန်းသိမ်းရာတွင် အဓိကကျကြောင်း၊ လွှတ်တော်အနေဖြင့် မဟာဗျူဟာ ငါးနှစ်စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပခရီးစဉ်များကိုလည်း စေလွှတ်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးမှုများကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမို ကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ဝင်များသည် ယခင်ပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် ပန်းချီ၊ကာတွန်း၊ပိုစတာလက်ရာများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတက ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါအခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအဂျင်စီတို့ကကြီးမှူးခဲ့ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့်နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

မှတစ်ဆင့်သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲများကို အခြေခံပညာမူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် ယနေ့တွင်လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်၌ “လူသားနှင့်အနာဂတ်အာကာသ”ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက်တွင် လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၌ “အသုံးချလေ့လာအာကာသနည်းပညာ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၂ ရက်တွင်လည်းကောင်း အသီးသီး ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များတွေ့ဆုံပြီး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံပြီး လူငယ်ရေးရာဆိုင်ရာ လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမောင်သင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်လေ့ကျင့်ရေးနှင့်ဖွံ့ဖြိုးမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူငယ်ရေးရာကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဥက္ကဋ္ဌရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

ဇွဲထက်ကို(ပြန်/ဆက်)



၇၇ ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးနည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၇၇ ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး(77th Meeting of the Working Group on Technical Matters for the ASEAN Single Window–ASW–TWG) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးသို့ ဘက္ကာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ လာအို၊ အရှေ့တီမောနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမိုးကျော်အေးနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ Dr.Ramlah Binti Mukhtar တို့က အဖွင့်အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အာဆီယံဒေသတွင်း ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် အာဆီယံပြတင်းတစ်ပေါက်စနစ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ATIGA e–Form D၊ ASEAN Customs Declaration Document နှင့် e–Phyto document လဲလှယ်မှုအခြေအနေများ၊ စနစ်၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပညာရပ်ဆိုင်ရာအခက်အခဲများ၊ မျိုးဆက်သစ် ASEAN Single Window 2.0 အဆင့်မြှင့်တင် အကောင်အထည်ဖော်ရန်ကိစ္စရပ်များ၊ အာဆီယံပြင်ပမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်လဲလှယ်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရေမြောင်းနှင့် မြောင်းပေါင်များပြုပြင်ပေးနိုင်ရေး၊ DEMU ရထား ပုတီးကုန်းဘူတာတွင် ရပ်ပေးနိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီး ပြင်ပမှ မှတ်ပုံတင်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြန်လည်မှတ်ပုံတင်ခွင့်ပြုရေး၊ တရားမဝင်နိုင်ငံခြားသားများကိုစစ်ဆေး၍ မူရင်းနိုင်ငံသို့ ပြန်ပို့ရေး လဝကရုံးသစ်တည်ဆောက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **လားရှိုးမြို့ ကောက်ကွေ့ရေလှောင်တမံ၏မြောင်းနှင့် မြောင်းပေါင်များကို မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လားရှိုးမြို့နယ်ရှိ ကောက်ကွေ့တူးမြောင်းမကြီးနှင့် ဟူးမွန်မြောင်းများသည် မြို့နေပြည်သူလူထု၏ သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးမြေဧက ၇၀၀ ကျော်အတွက် စိုက်ပျိုးရေရရှိရေးတို့ကို အကျိုးပြုနိုင်ပါကြောင်း။

အဆိုပါကောက်ကွေ့မြောင်းမကြီးသည် ပြီးခဲ့သည့် မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြောင်းမကြီး၏အစိတ်အပိုင်း သုံးနေရာ ထိခိုက်ပျက်စီးခဲ့၍ရေပေးဝေရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော အစိတ်အပိုင်း သုံးနေရာလုံး တစ်ဆက်တည်းပြုပြင်ပြီးစီးမှသာရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကောက်ကွေ့မြောင်းမကြီး ထိခိုက်ပျက်စီးသည့် အပိုင်း(၂)နှင့် အပိုင်း(၃)နေရာများအား ပြုပြင်နိုင်ရန် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင်လျာထားပြီး အပိုင်း(၁)ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် အထွေထွေပိုလျှံရန်ပုံငွေ၌ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **ရန်ကုန်-ပြည် DEMU မီးရထားအား သဲကုန်းမြို့နယ် ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန်အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်-ပြည် ရထားလမ်းပိုင်းအတွင်း လက်ရှိပြေးဆွဲလျက်ရှိသည့် ရထား ခြောက်စီးအနက် ရထားလေးစီးကို ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးလျက်ရှိပါကြောင်း၊ ပုတီးကုန်းဘူတာမှ နေ့စဉ်ခရီးသည် ၉၅ ဦးခန့်သာ စီးနင်းလျက်ရှိပြီး လက်ရှိရပ်တန့်ပေးထားသော ရထား လေးစီးဖြင့် ခရီးသည်စီးနင်းမှု လုံလောက်သည့်အခြေအနေဖြစ်သည့်အပြင် ၂၀၂၆ ခုနှစ် အောက်တိုဘာလမှစတင်၍ အမှတ်(၆၁) အဆန်၊ (၆၂) အစုန် ရန်ကုန်-ပြည်-အောင်လံ-ပုဂံ လူစီးအမြန်ရထားသည် အဆိုပါရထားလမ်းအတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်သည့်အတွက် စုစုပေါင်း ရထားခြောက်စီးရပ်တန့်ပေးလျက်ရှိပါကြောင်း။

အမှတ်(၇၃)အဆန်၊ (၇၄)အစုန် DEMU ရထားကို ပုတီးကုန်းဘူတာတွင် ရပ်တန့်မည်ဆိုပါက ဘူတာတွင်ရပ်တန့်ချိန် သုံးမိနစ်၊ ရထားအရှိန်လျှော့ချိန် တစ်မိနစ်၊ ဘူတာမှ ပြန်လည်ထွက်ခွာပြီး မူလပြေးဆွဲချိန်ရရှိရန် ရထားအရှိန်တင်ချိန် နှစ်မိနစ် စုစုပေါင်း ခြောက်မိနစ် ထပ်မံကြာမြင့်မည်ဖြစ်ပါကြောင်း၊ ပုတီးကုန်းဘူတာနှင့် နီးစပ်ရာဘူတာဖြစ်သည့် ပေါင်းတည်နှင့် သဲကုန်းဘူတာတို့မှ သွားရောက်စီးနင်းနိုင်ပါသဖြင့် DEMU လူစီးအမြန်ရထားအား ပုတီးကုန်းဘူတာတွင်ရပ်တန့်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ရန်ကုန်တိုင်းဒေသကြီးပြင်ပတွင် မှတ်ပုံတင်ထားရှိသော မော်တော်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏လိပ်စာအတိုင်းပြန်လည်ခွင့်ပြုပေးရန် မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ မော်တော်ယာဉ်များ နယ်ဝင်ခွင့်လျှောက်ထားခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းတပ်ဆင်ထုတ်လုပ်ထားသော (CKD/SKD) မော်တော်ယာဉ်များကို ပြည်တွင်းထုတ်လုပ်မှုကိုအားပေးကူညီသည့်အနေဖြင့် ရန်ကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊ အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် ကုမ္ပဏီများက တက္ကစီဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် တင်သွင်းလာသည့် လျှပ်စစ်သုံးတက္ကစီယာဉ်များနှင့် လျှပ်စစ်သုံးခရီးသည်တင်ယာဉ်များကို ရန်ကုန်လိပ်စာဖြင့် လျှောက်ထားပါက အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ရန်ကုန်-မန္တလေး-တောင်ကြီး-မော်လမြိုင်အပါအဝင် တစ်နိုင်ငံလုံးရှိ တရားမဝင်နိုင်ငံခြားသားများကို စစ်ဆေးရန်နှင့် မူရင်းနိုင်ငံသို့ပြန်ပို့ရန် အစီအစဉ် ရှိမရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် တရားဝင် ဝင်ရောက်လာသော နိုင်ငံခြားသားများကို နိုင်ငံခြားသားရောက်ရှိခြင်းအစီရင်ခံစာ Form C/ e-Form C တိုင်ကြားမှု ရှိမရှိ စစ်ဆေးခြင်း၊ နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့်သက်တမ်းနှင့် အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ဗီဇာသက်တမ်း တိုးမြှင့်ခြင်းကိစ္စများအတွက် မြေပြင်တွင် အမှန်တကယ်နေထိုင်လုပ်ကိုင်ခြင်းတို့ကို ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ရှောင်တခင်ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် နိုင်ငံခြားသားများမရှိစေရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ ပူးပေါင်းအဖွဲ့များဖြင့် အခါအားလျော်စွာ ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဗီဇာစည်းကမ်းဖောက်ဖျက်မှုများကို အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ဗီဇာစည်းကမ်းဖောက်ဖျက်သည့် နိုင်ငံခြားသားများနှင့် ခိုးဝင်နိုင်ငံခြားသားများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းနှင့် ပြည်နှင်ခြင်းတို့ကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရာနီ၏ **ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနရုံးကို အသစ်တည်ဆောက်ပေးရန်အစီအစဉ်ရှိမရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို အသစ် ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက်ရန်ပုံငွေကို နှစ်စဉ်လျာထားတင်ပြတောင်းခံလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာတွင် ပူတာအိုမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံသည် လျာထားတောင်းခံမှုတွင်မပါရှိပါကြောင်း။ ထို့ပြင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင်လည်း ပါဝင်ခြင်းမရှိသောကြောင့် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦးက ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၇၀ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ် ဧပြီ ၄ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂(က)အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာလိုက်သည်-

(၁) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာ သံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက် [ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website ၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာ သံရုံး Website များမှလည်း Download ရယူနိုင်ပါသည်။]	၁၁ - ၁၁ - ၂၀၂၆
(၂) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်	၁၂ - ၁၁ - ၂၀၂၆ မှ ၂ - ၁၂ - ၂၀၂၆

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေထံ မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့်၏ ခန့်အပ်လွှာကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံ၍ ၎င်းကို အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ



မန္တလေး နိုဝင်ဘာ ၁၀

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုသည့် "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး"၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ဒေါ်မြတ်သီတာအောင်အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် "စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ"ကို "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ"အဖြစ်လည်းကောင်း၊ "ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ"ကို "လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီ" အဖြစ်လည်းကောင်း အမည်ပြောင်းလဲခြင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပြောင်းလဲခြင်း၊ လုပ်ငန်းတာဝန်များ ပြင်ဆင်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ မြင့်မော်ထွန်း(ပြန်/ဆက်)

၁၀-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၅ ~ ၃၆၇၀	၅၅၇.၄ ~ ၅၅၈	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၆,၄၄၇,၁၁၇.၁၆	၆,၂၅၄,၅၂၃.၃၉	၃၁,၁၅၉,၄၀၉.၇၂	

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

သံအမတ်ကြီး ဦးမျိုးမိုးအောင်အား ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွန်အပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမိုးအောင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွန်အပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင်အား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

"လှပသာယာပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၇ ခုနှစ် ဂုဇ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် **"လှပသာယာပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ ပြိုင်ပွဲဝင်ဦးရေ ၁၈၀ ကျော် ဓာတ်ပုံပေါင်း ၄၉၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၉ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစိစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးအောင်မြင့်၊ ဒုတိယဆု ဦးအောင်မင်း၊ ဒေါ်ဦးစောအောင်မင်း၊ တတိယဆု ဟိန်းလတ်ကျော် ခေါ် ပုံပုံတို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ ကျော်နိုင်လင်း(လရိပ်ပြာ)၊ ဇော်ဇော်ကောင်းစံ၊ ဦးတင်ကိုဝင်း၊ ရွှေအင်းသားခင်မောင်ဝင်းတို့က ရရှိခဲ့ကြသည်။ ဆုရရှိသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိစံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

☆ ကျောဖုံးမှအဆက်

မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကိုယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ရှိ ပတ္တမြားမြေအားကစားခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA –1 အမျိုးအစား သေနတ် ငါးလက်၊ Type 81 အမျိုးအစား သေနတ် ၆၆ လက်၊ AK–47 အမျိုးအစား သေနတ် သုံးလက်၊ M–22 အမျိုးအစား သေနတ် လေးလက်၊ ပစ္စတို သုံးလက်၊ လက်လုပ်သေနတ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ၈၄ ခုနှင့် ကျည်မျိုးစုံ ၁၄၇၂ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်းဖယ် ၇၈ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၉၀၊ ပစ္စတို သုံးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၆၀၊ လက်လုပ်သေနတ် သုံးလက်အတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူ ၁၁၆ ဦးအတွက် ဆုကြေးငွေကျပ် ၁၁၆ သိန်းတို့ကိုပေးအပ်ပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအပ်နှံထားသော လက်နက်ခဲယမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်ဝိုင်းတို့ဖြင့် တည်ခင်းဧည့်ခံသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ဆုကြေးငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။





မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများအပ်နှံထားသော လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။

အစိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် TNLA အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် ချစ်တဲ့ မိုးကုတ်၊ မိုးမိတ်ကို နောက်တစ်ခါ ဒီလိုမျိုးတိုက်ပွဲတွေ မဖြစ်အောင် အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

''အလင်းဝင်ပြီးတော့ ကျွန်တော်တို့ ပြန်လာရခြင်း ရည်ရွယ်ချက်ကတော့ စကတည်းက ကျွန်တော်တို့က နိုင်ငံရေးလဲနားမလည်ဘူး၊ တော်လှန်ရေးလဲ



နားမလည်ဘူး။ ဖိအားတစ်မျိုးကြောင့် ဒီလိုလုပ်ခဲ့တယ်။ အခက်အခဲအမျိုးမျိုးနဲ့ အဆင်မပြေတဲ့အခါကျတော့ ကျွန်တော်တို့ လုပ်နေကျ နားလည်တဲ့အလုပ်မျိုး မဟုတ်တဲ့အခါကျတော့ နည်းလမ်းရှာပြီးတော့မှ မြို့မိမြို့ဖလူကြီးတွေက တစ်ဆင့် နိုင်ငံတော်ကိုဆက်သွယ်ပြီးတော့မှ အလင်းဝင်လာခဲ့တယ်။ ကျွန်တော်တို့ရဲ့ ဗီဇ၊ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းမှု၊ ကျွန်တော်တို့ဖြစ်ချင်တဲ့ ဟာမျိုးမဟုတ်တဲ့အခါကျတော့ အခုလုပ်ရပ်ကနေ ရုန်းထွက်ခဲ့တယ်။



ခေါင်းဆောင် တစ်ယောက်အနေနဲ့ ကျွန်တော့်မှာ တပည့်သားသမီးတွေ အများကြီးရှိတယ်။ ကျွန်တော့်မှာ ဖိအားတွေ အရမ်းများခဲ့တယ်။ နိုင်ငံတော်ကို ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ ကျောက်မဲကို စရောက်တဲ့အချိန်ကတည်းက ကျွန်တော်တို့ကို ဗိုလ်ချုပ်ကိုယ်တိုင် လာပြီးတော့မှ ကောင်းကောင်းမွန်မွန် ကြိုဆိုတယ်၊ ကောင်းကောင်းမွန်မွန် ဧည့်ခံတယ်။ ကျွန်တော်တို့တော့ အရမ်းကို ပျော်ရွှင်တယ်။ ကျောက်မဲကနေပြီးတော့မှ ပြင်ဦးလွင်၊ မန္တလေး၊ သပိတ်ကျင်း၊ မိုးကုတ် ကျွန်တော်တို့ကို ညတွင်းချင်း ပို့ပေးတယ်။ ကျွန်တော်တို့ အစစအရာရာ ဘာမှလုပ်စရာမရှိဘူး။ ဒီအတွက် နိုင်ငံတော်အစိုးရကိုလဲ ကျေးဇူးတင်ပါတယ်။ အခုကျန်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေ အမြင်မှန်ရပြီးတော့ ကိုယ့် မိသားစုအတွက် ကိုယ့်ရဲ့မြို့ရွာအတွက် ကိုယ့်ရဲ့လူမျိုးအတွက် တောထဲမှာပဲ မနေဘဲနဲ့ပြန်လာဖို့ အလင်းလာဝင်ပြီးတော့မှ ခုနကပြောသလို ကိုယ့်မြို့ရွာ အေးချမ်းသာယာလာဖို့ အတူတူပူးတွဲ ဆောင်ရွက်ဖို့ပြန်လာကြပါလို့ ကျွန်တော့် အနေနဲ့ မေတ္တာစကားပါးချင်ပါတယ်''ဟု ပြောသည်။

''ကျွန်တော်တို့ ဒီအဖွဲ့အစည်းထဲကို ရောက်လာတဲ့ အကြောင်းရင်းက တပ်မတော်ကနေ ဆုတ်သွားတဲ့အချိန် TNLA တွေဝင်လာတယ်။ သူတို့အုပ်ချုပ်တဲ့ အချိန်မှာ တစ်အိမ်တစ်ယောက်မဝင်မရ စနစ်နဲ့လာခဲ့တယ်။ ကျွန်တော်တို့ မဝင်လို့ ရှိရင်လဲ အိမ်ကမိသားစုတွေက ပို့ပြီးတော့ ခက်ခဲတာပေါ့။ ကျွန်တော်တို့က မဝင်မဖြစ်ဝင်ခဲ့ရတယ်။ အဖွဲ့အစည်းထဲကို ဝင်ခဲ့တဲ့အချိန်မှာ အခက်အခဲတွေကတော့ များတာပေါ့။ ရှေ့တန်းတိုက်ပွဲအတွေ့ အကြုံတော့မရှိပါဘူး။ ကျွန်တော်တို့က မြို့တွင်းအုပ်ချုပ်ရေးပိုင်းမှာ မြို့တွင်းကင်းတာဝန်အနေနဲ့ ဆောင်ရွက်ရတာ ရှိတယ်ဗျ။ အလင်းဝင်ရတဲ့အကြောင်း ရင်းကတော့ တောထဲမှာပဲနေပြီးတော့ ကျွန်တော်တို့ရဲ့ အနာဂတ်ကပျောက်ဆုံးနေတယ်။ ပြီးတော့ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့သဘောထားကို သိရှိနားလည်ပြီးတော့မှ အလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျန်ခဲ့တဲ့သူတွေကိုလဲ ဖြစ်နိုင်ရင် အမြန်ဆုံးလာခဲ့ပါ အစစအရာရာအဆင်ပြေတယ်လို့ ဖိတ်ခေါ်ချင်ပါတယ်''ဟု ပြောသည်။

''သူတို့တစ်အိမ်တစ်ယောက်ခေါ်တော့ လိုက်သွားခဲ့ရတယ်။ သူတို့က ကိုယ့်မြို့မှာပဲ နေရမယ်လို့ပြောပြီးနောက်တော့ တောထဲကိုခေါ်သွားခဲ့လို့ တောထဲမှာပဲ နေခဲ့ရတယ်။ တောထဲရောက်တော့ သမီးကို စစ်မေဆိုပြီး **စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

မွေးမြူရေးလုပ်ခိုင်းတယ်။ ပြီးရင် နေ့တိုင်းဖက်ထိပ်လုပ်ရတယ်။ အခက်အခဲကတော့ စားရေးသောက်ရေးအခက်အခဲရှိတယ်။ သင်တန်းက သုံးလသင်တန်းမှာကျတော့လဲ အခက်အခဲကြုံတာက စားရေးသောက်ရေးပါပဲ။ သမီးတို့က သူတို့လူမျိုးမဟုတ်ဘူးလေ။ တခြားလီဆူလူမျိုးဆိုတော့ အလုပ်တွေဘာတွေဆိုရင် ကိုယ့်ကိုပိုခိုင်းတယ်။ ရာထူးတွေဘာတွေ ပေးမယ်ဆိုရင်တော့ သူတို့အချင်းချင်းပဲပေးတာမျိုးတွေလဲရှိတယ်။ တော်တော်လေးတော့ ပင်ပန်းခဲ့တယ်။ မိန်းကလေးဆိုတော့ နောက်တန်းမှာပဲထားတယ် ရှေ့တန်းမသွားရဘူး။ အမျိုးသားတွေကျတော့ ရှေ့တန်းသွားရတယ်။ အလင်းလာဝင်ရတဲ့ အကြောင်းကတော့ နိုင်ငံတော်ရဲ့ သဘောထားအမှန်ကို သိရှိတဲ့အတွက် သမီးတို့အလင်းဝင်ရခြင်းဖြစ်တယ်။ နိုင်ငံတော်ကလဲ သမီးတို့အလင်းဝင်ဖို့အတွက် လှိုက်လှိုက်လဲလဲကြိုဆိုပေးတဲ့အတွက်လဲ သမီးတို့အနေဖြင့် အလွန်အင်မတန်ဝမ်းသာပီတိတွေဖြစ်မိပါတယ်။ အရမ်းလဲဂုဏ်ယူပါတယ်။ သမီးတို့ကို ပြန်လက်ခံပေးတဲ့အတွက်ရောကြိုဆိုပေးတာ အစစအရာရာ အကုန်လုံးလုပ်ပေးတယ်။ ကားကအစ လိုလေသေးမရှိအောင် ဒီဘက်ထိရောက်အောင်ပံ့ပိုးပေးခဲ့တယ်။ အဲဒီအတွက်လဲ နိုင်ငံတော်ကို အရမ်းကျေးဇူးတင်ပါတယ်။ ကျန်ခဲ့တဲ့သူတွေလဲ တပ်မတော်ရဲ့စေတနာသဘောထားကို သိပြီဆိုလို့ရှိရင်တော့ သမီးတို့လိုပဲ ဒီကိုလာမယ်လို့ မျှော်လင့်ပါတယ်။ တပ်မတော်နဲ့ ပူးပေါင်းခွင့်ရတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့လဲ ကိုယ့်လူမျိုးနဲ့တပ်မတော်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ''ဟု ပြောသည်။(၅၀၁)



❑ အာကာသနည်းပညာဆိုင်ရာပြခန်းမှ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍာ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သချိုင်းပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသ စူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသော အာကာသစူးစမ်းလေ့လာရေးသုတေသနပြခန်းများ ပြသထားပြီး ပြခန်းများကို ယနေ့တွင် ကျောင်းသား၊ ကျောင်းသူများနှင့်ပြည်သူများ ၄၇၃၂ ဦး လာရောက် လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါပြခန်းများကို နိုဝင်ဘာ ၁၃ ရက်ထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီထိ လာရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

နေပြည်တော်(ပြန်/ဆက်)

❖ **ခေါ်ယူသတိပေးမှ**

သံတမန်လုပ်ငန်းများကို လုပ်ဆောင်မည်ဟု မျှော်လင့်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူကရွေးကောက်တင်မြှောက်ထားသည့်အစိုးရ တာဝန်ယူနေပြီဖြစ်ကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ ပြောကြားချက်သည် အိမ်ရှင်နိုင်ငံ၏ နိုင်ငံတော်အကြီးအကဲကို တိုက်ရိုက် စော်ကားရာ ရောက်သည့်အပြင် ရွေးကောက်ပွဲ၌ မဲပေးခဲ့ကြသည့် မြန်မာပြည်သူ ၁၃ ဒသမ ၁၃ သန်းကျော်ကို မထီမဲ့မြင်ပြုရာရောက်ကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဗီဒီယိုရိုက်ကူးသည့်နေရာ ရွေးချယ်မှုအပါအဝင် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူပြောဆိုဆောင်ရွက်မှုများသည် အိမ်ရှင်နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ် အတိုက်အခံပြုရန် အားပေးအားမြှောက်ပြုလုပ်နေသည့် အသွင်တွေ့ရပြီး ပြည်တွင်းမငြိမ်သက်မှုဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေရန် အားပေးလှုံ့ဆော်ရာရောက်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး"နှင့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"အတွက် ဦးစားပေးဆောင်ရွက်နေချိန်တွင် အဆိုပါလုပ်ရပ်သည် နိုင်ငံတော်တည်ငြိမ်ရေးကို မလိုလားသည့် အပြုအမူဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ဝေဖန်နေခြင်းဖြစ်သဖြင့် လုံးဝလက်မခံနိုင်ဖွယ်ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်ကို ပြည်သူများကလည်း လုံးဝနှစ်မြို့ခြင်းမရှိဘဲ ဆိုရှယ်မီဒီယာတွင် သံရုံးယာယီတာဝန်ခံကို ဝေဖန်ပြောကြားနေကြပြီဖြစ်ကြောင်း၊ ၁၉၆၁ ခုနှစ် သံတမန်ဆက်ဆံရေးဆိုင်ရာဗီယင်နာ ကွန်ဗင်းရှင်းအပိုဒ် ၄၁(၁)အရ စေလွှတ်သည့်နိုင်ငံ၏ သံတမန်များသည် လက်ခံသည့်နိုင်ငံ၏ တရားဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို လေးစားရန်နှင့် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ရှိကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဦးဝင်းမြင့်ကို နိုင်ငံတော်သမ္မတအဖြစ်သဘောထားကာ လက်ရှိအစိုးရနှင့် လက်တွဲဆောင်ရွက်လိုခြင်းမရှိ၍ မြန်မာနိုင်ငံ၌ ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမပြုလိုပါကလည်း မိမိတို့အနေဖြင့် တားမြစ်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံသည် ဂျာမနီနိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားသော်လည်း အပြန်အလှန်လေးစားမှု၊ အချုပ်အခြာအာဏာညီမျှမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုရေးတို့သည် သံတမန်ဆက်ဆံရေး၏ မရှိမဖြစ်လိုအပ်သောအခြေခံမူများဖြစ်ပြီး အတိအကျလိုက်နာစောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဂျာမနီသံရုံးယာယီတာဝန်ခံ၏ လုပ်ရပ်သည် သံတမန်ရာထူးနှင့်အညီ ထိန်းသိမ်းစောင့်စည်းမှုနှင့် သတိပြုဆင်ခြင်မှုတို့ကို လိုက်နာမှုမရှိဟု မှတ်ယူကြောင်းနှင့် ယင်းကိုကန့်ကွက်ရှုတ်ချကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ပြောကြားချက်၊ ပြောကြားသည့်နေရာကိုရွေးချယ်မှုနှင့် ဆိုရှယ်မီဒီယာမှတစ်ဆင့် အများပြည်သူသို့ဖြန့်ဝေမှုတို့သည် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန၏ခွင့်ပြုချက် သို့မဟုတ် ၎င်း၏ကိုယ်ပိုင်သဘောဆန္ဒဖြင့် ဆောင်ရွက်သည်ဆိုသည်ကို တရားဝင်ဖြေရှင်းချက်ပေးရန်တောင်းဆိုကြောင်း၊ အလားတူ လုပ်ရပ်မျိုးထပ်မံလုပ်ဆောင်ခြင်းမပြုရန် ပြင်းထန်စွာ သတိပေးကြောင်းနှင့် လုပ်ဆောင်မည်ဆိုပါက အိမ်ရှင်နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သံတမန်ရေးရာအစဉ်အလာများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

❍ **မိုးထစ်ချုန်းရွာမည်မှ**

နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကွက်ကျဲကျဲမိုးထစ်ချုန်းရွာ ပြီးနေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မိုး/၈လ)**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထို့သို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထို့ကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ''DAW MAY ZIN'' Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက်နေ မေဇင်လှိုင်ကို ညနေ ၆ နာရီတွင် ပုသိမ်မြို့မရဲစခန်းက (ပ)၁၆၃/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(၅၀၁)**

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သား သမီးအရင်းအချာများ(ကိုတို့မသားသမီးများ၊ မွေးစား သားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပြီး၍ ဓာတ်အားများစတင်လွှတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

မန္တလေး နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် နယ်မြေတည်ငြိမ်အေးချမ်းလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်နေပြီဖြစ်ရာ ဌာနဆိုင်ရာရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိပြီး မြို့မိမြို့ဖ၊ ဒေသခံပြည်သူများ စိတ်အေးချမ်းစွာဖြင့် သွားလာနေထိုင်လျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးတို့သည် တိုင်းဒေသကြီးဝန်ကြီးများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိုးကုတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် သပိတ်ဝင် ဖောင်တော်ဦးမြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုး၍ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခြင်းကြောင့် ပျက်စီးမှုများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက မိုးရွာသွန်းမှုများခြင်းကြောင့် ဖောင်တော်ဦးမြတ်စွာဘုရားရင်ပြင်တော်၊ ဘုရားစောင်းတန်းနှင့် ဓာတ်တော်တိုက်မြေထိန်းနံရံ ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုးကုတ်မြို့ မြို့မရပ်ကွက် ထင်းရှူးခြံရပ်ရှိ မင်္ဂလာတိုက်ခမ္မရိပ်သာဖောင်တော်ဦးကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်မင်းတံတားရပ် မဓိုးရိမ်တိုက်သစ်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ မြို့နယ်ဩဝါဒါစရိယ ရေကန်တောင်ကျောင်းပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစရ အမှူးပြုပြီး ဆရာတော်များအား ဖူးမြော်၍ ဩဝါဒများ ခံယူကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မိုးကုတ်မြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ အထူးကု၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်နှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး အလှူငွေများပေးအပ်ကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှု၍ လူနာများကို အားပေးစကားများ ပြောကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုးကုတ်မြို့နယ် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပြီးစီး၍ လျှပ်စစ်ဓာတ်အား လွှတ်ပေးခြင်းအခမ်းအနားကို ဖက်ြးဖြတ်ဖွင့်လှစ်ပြီး ဓာတ်အားခွဲရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စက်ခလုတ်နှိပ်ကာ ဓာတ်အားစတင်လွှတ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများကို ရင်းနှီးစွာနှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် မြို့မရပ်ကွက်ဗိုလ်ကုန်းရပ်ရှိ ပတ္တမြားမြေအားကစားခန်းမတွင် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားများပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးများက ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သည့် ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများထံ ပေးအပ်၍ တက်ရောက်လာကြသူများကို လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်းနှင့် တင်ပြမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

၃၅ ကြိမ်မြောက် အရှေ့မြောက်မုတ်သုံဖိုရမ်အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဧလဗေဒညွှန်ကြားမှုဦးစီးဌာနက ဦးစီးဍ၍ ၃၅ ကြိမ်မြောက် အရှေ့မြောက်မုတ်သုံဖိုရမ်ကို ယနေ့နံနက်ပိုင်းက မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟို ဌာန (Multi-Hazard Early Warning Center) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်နေသောဌာနများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သောဌာနများ၊ ရေနှင့်ပတ်သက်၍ ဆောင်ရွက်နေသောဌာနများ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် မိုးလေဝသနှင့်ဧလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

၃၅ ကြိမ်မြောက် အရှေ့မြောက်မုတ်သုံဖိုရမ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီကာလ (အနောက်တောင် မုတ်သုံရာသီကာလ) မိုးလေဝသနှင့်ဧလဗေဒဆိုင်ရာ ခန့်မှန်းချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် စိုက်ပျိုးရေးမိုးလေဝသ အခြေအနေ သုံးသပ်တင်ပြခြင်း၊လာမည့်ဆောင်းရာသီကာလ (၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလထိ) မိုးလေဝသနှင့် ဧလဗေဒဆိုင်ရာ ခန့်မှန်းချက်များတင်ပြဆွေးနွေးခြင်း၊ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေနှင့် ကဏ္ဍအလိုက် သက်ရောက်နိုင်မှုများအကြောင်း ဆွေးနွေးတင်ပြခြင်း၊ အယ်လ်နီညို၏ သက်ရောက်မှုကြောင့် ရေနည်းကာလများတွင် ဖြစ်ပေါ်လာနိုင်သည့် မြစ်ရေအခြေအနေများကို သုံးသပ်တင်ပြဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ် ဖြစ်နိုင်ခြေများနှင့် မန္တလေးငလျင်ကြီး၏ နောက်ဆက်တွဲ ဖြစ်ပေါ်ခဲ့မှုများကို ရှင်းလင်းတင်ပြခြင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးက ပြီးခဲ့သည့် မိုးရာသီကာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာသီဥတု၊ မိုးလေဝသနှင့် ဧလဗေဒဆိုင်ရာအတွေ့အကြုံ၊ သင်ခန်းစာများကို ဆွေးနွေးခြင်းနှင့် လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းရာသီကာလအတွက် ခန့်မှန်းချက်များနှင့် အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်နိုင်မှုအခြေအနေများကို အသုံးပြု၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်မှု အခြေအနေများ တင်ပြဆွေးနွေးခြင်းနှင့် ဖြည့်စွက်အကြံပြုဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



◆ ဘော်လီဘောပြိုင်ပွဲမှ

အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြည့်ရှုအားပေးပြီး ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသားပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ကိုဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှု ရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Dang Quang Sanh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၂၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၇၁ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၁ ဦးရှိသည့် အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ဦးရေ ၆၈၀ တို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

■ ရွှေကုက္ကိုလ်နယ်မြေမှ

အပြီးတိုင် လုံးဝပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၇၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ် အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ခြောက်လုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)






ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ်အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

“ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ “ပြည်သူပိုင်စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချအမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၁၁-၁၁-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံ၏ အဖိုးတန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရုံသာမက ပြည်သူ့အကျိုးစီးပွား ထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ထိုနေ့က အနုံပျောက်သည်

မစန္ဒာ



(၁)

အသက် ခုနစ်ဆယ်ကျော်နေပြီဖြစ်သော အဖေနှင့် အမေတို့၏ စားရေးသောက်ရေးသည် သမီးဖြစ်သူ ခင်သက်မော်အတွက် နေ့စဉ်ခေါင်းခဲရသော ပြဿနာဖြစ်သည်။

"ငါးသလောက်ပေါင်း နူးနူးအိအိလေးဆိုရင်တော့ စားချင်သား"

"အမေရယ် ငါးသလောက်က သွေးတိုးနဲ့မှ မတည့်တာ။ အမေ့သွေးတိုးကို အမေ မေ့နေပြီလား"

"စားချင်တာပြောတာပါအေ။ ပြည်ကြီးငါးသုပ် ချဉ်ချဉ်စပ်စပ်လေးဆိုရင်ကော"

"ပြည်ကြီးငါးက ကိုလက်စထရော သိပ်များတယ်တဲ့ အမေရဲ့။ အဖေကော၊ အမေကော သွေးထဲမှာ ကိုလက်စထရောများနေလို့ ဆေးသောက်နေကြရတာလေ"

"အရသာစူးစူးလေး စားချင်လို့ပါအေ။ ကော်ဖီသောက်ရတာကအစ ချိုတိုတို ကျဲတောက်တောက်နဲ့၊ အမေက ကော်ဖီဆိုရင် ခါးခါးဆိမ့်ဆိမ့်လေးမှ..."

"ဩော်... အမေရယ်၊ အမေကော၊ အဖေကော နှလုံးသိပ်မကောင်းလို့ ဆရာဝန်က ကော်ဖီဆိုရင် ကဖင်းထုတ်ထားတဲ့ ကော်ဖီတောင် တစ်နေ့ တစ်ခွက်ပဲ သောက်ခိုင်းတာလေ။ ကျန်းမာရေးအတွက်ပါ အမေရဲ့"

ခင်သက်မော်ခမျာ အမေ့ကို သနားလည်းသနား၊ ကျွေးကလည်း ကျွေးချင်၊ ကျွေးလည်း မကျွေးရဲနှင့် စိတ်ဒုက္ခရောက်ရရှာသည်။ နောက်ဆုံး တည့်သည်ဟု ယူဆရသော ဆိတ်သားနှင့် ကြက်သားကျပြန်တော့လည်း သွားကြားညပ်လွန်းသည်တဲ့လေ။

ငါးကိုတော့ အဖေက မကြိုက်ပြန်။ ငါးဖယ်ကိုမာသည်ပြော၍ အတန်ငယ်ပျော့သော ငါးမြစ်ချင်းချက်ပြန်တော့ "ဖွယ်တယ်တယ်နဲ့ ငါးဖယ်လို အချိုမလေးဘူး"ဟု ဆိုကာ မစားကြပြန်ချေ။ ထို့ကြောင့် အဖေနှင့် အမေအတွက် ထမင်းဟင်း အတွဲအစပ်ကို ခင်သက်မော်နှင့် မထွေးခမျာ ခေါင်းချင်းဆိုင်ပြီး အသေအကျေ စဉ်းစားကြရရှာသည်။

မနှစ်တုန်းက လှေကားပေါ်က ပြုတ်ကျပြီး ညာဘက်လက်ကောက်ဝတ် ကျိုးထားသော ဒေါ်ခင်မေချောခမျာလည်း ယခင်တုန်းကလို ခုတ်ဟယ်၊ ထစ်ဟယ်၊ ထုဟယ်၊ ထောင်းဟယ်နှင့် သူ့စိတ်တိုင်းကျ မချက်မပြုတ်နိုင်တော့ ပို၍ပင် စိတ်တိုင်းမကျ ဖြစ်နေတော့သည်။

နောက်ဆုံး အဆင်ပြေသော ဟင်းကလေး စားပွဲပေါ်ရောက်လာပြန်တော့လည်း အသေအချာ စားနိုင်သည်မဟုတ်ကြပြန်။ အဖေက သွားတစ်ချောင်းကျိုးပြီး နှစ်ချောင်းနဲ့နေကာ သုံးလေးချောင်းက ပဲ့နေသည့်အတွက်ကြောင့် ဖြစ်နေသည်။ သွားပေါက်ထဲ အစာဝင်လျှင် စားရင်းတန်းလန်းဆက်မစားနိုင်။ ထိုသွားများကို ဖာပေါင်းလည်းများလှပြီ။ ခဏခဏပြန်ပြုတ်ထွက်နေ၍ သွားဆရာဝန်က "နုတ်လိုက်မလား အဖေကြီး"ဟု ပြောလိုက်ကတည်းက ထိုဆေးခန်းကို ထပ်၍ မသွားတော့သည်မှာ ယနေ့ထိပင် ဖြစ်သည်။ သူတို့နှစ်ယောက်စလုံး ကိုယ့်သွားကလေးများကို ကိုယ်ချော့ကာ မနည်းဝါးနေကြရသူများမို့ ဆီးချိုပေါင်မုန့် ညိုညိုကြီးကို နွားနို့နှင့် စိမ်ကာစားရသော အနပ်ပေါင်းက အတော်များရှာလေသည်။

စားရသောက်ရသည်မှာ ခံတွင်းမလိုက်ပြန်တော့ တစ်သက်လုံး စားလာခဲ့သော ငါးပိရည်တို့၊ မျှစ်ချဉ်ဝက်သားတို့၊ အုန်းနို့ခေါက်ဆွဲတို့ကို တမ်းတပြန်သည်။ သူတို့လျှာကိုသူတို့ အလိုလိုက်ပြန်သောအခါ ဆီးချိုသမားက ၃၀၀ ကျော်ပြီး သွေးတိုးသမားက ၂၀၀ ကျော် သွားတတ်လေသည်။ ခင်သက်မော်လည်း ဆရာဝန် ပြေးခေါ်ရလေသည်။

"ကောင်းတိုင်း မစားနိုင်တာတစ်မျိုး၊ စားနိုင်တိုင်း မကောင်းတာကလဲ တစ်မျိုး၊ အဲဒီနှစ်မျိုးကို ဂရုစိုက်ပါ မထွေးရယ်"

ခင်သက်မော်က အသက်လေးဆယ်ကျော်နေပြီဖြစ်သည်။ အလုပ်အကိုင်ကတော့ အထက်တန်းပြဆရာမဖြစ်သည်။ စာသင်ကြားရေးအပြင် မိဘဆရာအသင်းကိစ္စ၊ ကျောင်းစာကြည့်တိုက်ကိစ္စ၊ ဘက်စုံထူးချွန်ရေးကိစ္စ၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကိစ္စ စသည်ဖြင့် အလုပ်တာဝန်များက များလေတော့ အိမ်ကိစ္စကို အပြည့်အဝစီမံနိုင်ရှာ၊ မိဘနှစ်ပါးဝေယျာဝစ္စကို မထွေးနှင့်သာ လွှဲထားရသည်က များလေသည်။

မထွေးက ခြေဆော့လက်ဆော့မရှိ။ ရိုးသားပြီး စိတ်စေတနာကောင်းသည်။ အဖေတို့၊ အမေတို့ တဖျစ်တောက်တောက် လုပ်တတ်ကြသည်များကိုလည်း မျက်နှာမပျက်ဘဲ သည်းခံရှာလေသည်။ ဆယ့်ရှစ်နှစ်အရွယ်ကတည်းက အိမ်သို့ရောက်လာပြီး ယခု အသက် ၂၅ နှစ်ပင် ပြည့်ခဲ့ပြီဆိုတော့ ဆွေမျိုးရင်းချာလိုလည်း ဖြစ်နေပေပြီ။ ခင်သက်မော်ကလည်း အလိုလိုက်တန်လိုက်ပြီး သူ့ကို ပျော်အောင်ထားသည်။ သူက အဖေတို့၊ အမေတို့၏ သည်းညည်းကို ခံသလို အလွန်စကားများပြီး ထင်ရာမြင်ရာ ဓွတ်ပြောတတ်သော သူ၏ သည်းညည်းကိုလည်း ခင်သက်မော်ခမျာ ကြိတ်မှိတ်သည်းခံရရှာသည်။

"ဒူးရင်းသီး အထမ်းနဲ့ရောင်းတဲ့သူတွေလေ ခြံရှေ့က ပိတောက်ပင်အောက်မှာ လာနားနေကြတာ၊ စကားတွေ ပြောလိုက်ကြတာလဲ အော်ကျယ် အော်ကျယ်နဲ့ ဘာပြောကောင်းမလဲ။ နေ့ခင်း ခဏမှိန်းမလို့ လုပ်နေတဲ့ အမေကြီးနဲ့ တွေ့တော့တာပဲ"

"ဟယ်... ဘာ...ဘာဖြစ်"

အမေက စိတ်တိုတိုနှင့် အော်များထုတ်လိုက်လေသလားဟု ခင်သက်မော် စိတ်ပူသွားသည်။ နေ့တိုင်း လူတိုင်း လူတိုင်း ဒေါသများ ငယ်ထိပ်ရောက်နေကြသော အခါသမယကြီးတွင် မိဘများကိုလည်း မည်သူနှင့်မျှ ကတောက်ကဆတ် မဖြစ်စေချင်။

"အမေက အော်...အော်ရောလား"

"အော်တာပေါ့။ ဟဲ့...အော်ကျယ် အော်ကျယ် လုပ်နေတဲ့ အကောင်တွေ ခြံထဲဝင်ခဲ့ကြတဲ့"

"ဟင်..."

"နောက်ပြီး သူလဲ ခြံထဲဆင်းသွားရော အုတ်နီခဲလေး ဖင်ခုထိုင်ပြီး ဒူးရင်းသီးတွေ ရွေးပါလေရော။ ကျိုက်ကော်ဒူးရင်းသီးလား၊ မော်လမြိုင်ဒူးရင်းသီးလား အလုံးကောင်းကောင်းလေးတွေကမှ ချိုတာနဲ့ ပြောလိုက်တာ စုံလို့"

မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေသော ခင်သက်မော်လည်း ခြေပစ်လက်ပစ်ဖြစ်သွားသည်။

"အမေကလဲလေ သွေးတိုးနဲ့ ဒူးရင်းသီး မတည့်မှန်းလဲ သိသားနဲ့...။ နေပါအုံးဟဲ့ အဖေကကော ဘာမှမပြောဘူးလား"

မထွေးက "ဟိခနဲ"ရယ်သည်။ အသံဗလံတွေ အတော် ဆူနေသည့်အတွက် နေ့လယ်ခင်းတစ်ရေးအိပ်နေသော ဘဘကြီးလည်း နိုးလာသည်။ "အဖေကြီး နိုးပြီမဟုတ်လား။ လာလေ"ဟု လှမ်းခေါ်လိုက်သည့်အခါ ဘဘကြီးပါ အုတ်နီခဲလေးဖင်ခုထိုင်ပြီး အတူရွေးကြသည်။ "အစ်မမြင်ရင် ဘာများပြောမလဲမသိဘူး"ဟု တွေးမိစဉ် အမေကြီးက သူ့ကို ဒူးရင်းသီးတစ်မြွာလှမ်းပေးတော့ သူ၏ စိတ်အာရုံက ခင်သက်မော်ထံတွင် မရှိတော့ဘဲ ဒူးရင်းသီးတွင် တွယ်ငြိသွားခဲ့လေသည်။

"ဟာ... အစ်မကလဲ နှစ်ယောက်သား အတူရွေးပြီး အတူတူခေါင်းချင်းဆိုင်စားကြတာ၊ ဟိုအလုံး ပိုကောင်းတယ်။ ဒီအလုံး ပိုကောင်းတယ်နဲ့လဲ ငြင်းကြသေး။ အယ်... အယ်တော့ အမေကြီးက ကျွန်မကို ကြိမ်းထားတယ်။ ခင်သက်မော်ပြန်သိရင် နင်အသေပဲတဲ့။ ကျွန်မလေ မေ့ ... မေ့ပြီးပြောမိတာ၊ ဦးဖွ... ဦးဖွ... အဲ... ဟုတ်ပေါင် ယောင်လို့၊ ဘွာ... ဘွာ... ဘွာတေးနော် အစ်မ။ မကြားလိုက်ဘူး မဟုတ်လားဟင်"

မထွေးဟူသည့် မထွေးက ထိုသို့သော မထွေးဖြစ်ပါသည်။ ခင်သက်မော် သက်ပြင်းချရုံအပြင် ဘာမှမတတ်နိုင်၊ "နင်ကလဲ ကြည့်နေတာပဲလား" ဟူ၍လည်း ဆူမနေချင်တော့။ "သူလဲ ဘယ်ပြောရဲပဲ့မလဲလေ" ဟူ၍သာ ခွင့်လွှတ်စိတ်နှင့် တွေးလိုက်ရသည်။ "ဘဘကြီးရွေးတဲ့ အလုံးလေးကလဲ ချိုတာပဲ"နှင့် ဒူးရင်းသီးခြောက်မြွာလောက် ဝင်ရောက်အားပေးထားသော သူ့လူကိုယ့်ဘက်သား မထွေးအကြောင်းကိုတော့ ခင်သက်မော်သိအောင် ပြန်ပြောမည့်သူ မရှိခဲ့ချေ။

အမေကြီးတို့ ပိရိလိုက်ပုံက ဒူးရင်းသီးအခွံများကိုပင် ခင်သက်မော် ပြန်မလာမီ လမ်းထိပ်အမှိုက်ပုံတွင် သွားထည့်ခိုင်းပြီး အပျောက်ရှင်းပြီးသား ဖြစ်လေသည်။

အိမ်ထောင်ကျပြီး သီးခြားခွဲနေသော မောင်အငယ်ဖြစ်သူထံကိုတော့ တယ်လီဖုန်းဆက်ပြီး "နှင့်အဖေနဲ့ အမေလေ ငါမသိအောင် ဒူးရင်းသီးတွေ တဝကြီး စားကြတယ်ဟဲ့။ စားလို့ဝတော့မှ ဆီးချိုသမားက ကွမ်းရွက်နဲ့ ကြက်သွန်ဖြူ ကြိတ်ဝါးပြီး သွေးတိုးသမားက ဒန့်သလွန်ရွက် အရည်ညှစ်ပြီး သောက်တယ်တဲ့လေ"ဟု အတင်းပြောဖြစ်သည်။ မောင်ဖြစ်သူက တဟားဟားရယ်ကာ "တစ်ခါတလေတော့လဲ သူတို့ စိတ်ကျေနပ်အောင် လွှတ်ပေးထားလိုက် အစ်မရေ၊ မသိချင်ယောင်ဆောင်ပေး"ဟု ပြောသည်။ ခင်သက်မော်လည်း ရင်ထဲ အတန်ငယ် ပေါ့သွားကာ သူနှင့်အတူ လိုက်ရယ်ရင်း "ငါလဲ သူတို့ကြိုက်တာ ကျွေးချင်ပါတယ်ဟယ်"ဟု ပြောရသည်။

ဆက်လက်ဖော်ပြပါမည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၁၄၈၂၈ ဧက လျာထားစိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၁၄၈၂၈ ဧက လျာထား စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြခရိုင်တွင် ငရုတ်သီးနှံ ၁၄၈၂၈ ဧက လျာထား စိုက်ပျိုးမည်ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလတတိယပတ်တွင် စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးနှံများ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင် ရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ မြောင်းမြခရိုင်မှာ ငရုတ်သီးနှံ ၁၄၈၂၈ ဧက လျာထား စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ နိုဝင်ဘာလ တတိယပတ်မှာ စတင်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ အထွက်နှုန်းကောင်းပြီး အရည် အသွေးကောင်းတဲ့ ငရုတ်မျိုး တွေကို ရွေးချယ်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ငရုတ် သီးနှံတွေအပါအဝင် ဆောင်း သီးနှံအားလုံး လျာထားဧကပြည့်မီ အောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုး ရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာန တွေ ပူးပေါင်းဆောင်ရွက်နေပါ တယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုး ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ငရုတ် သီးနှံများကို လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီး ဌာန ဝန်ထမ်းများက တောင်သူ များအား အသိပညာပေးလုပ်ငန်း များကို ကွင်းဆင်းဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ငရုတ်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက် ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် ငရုတ် သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက် သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

သံဖြူဇရပ်မြို့နယ် ကျုံကရုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

သံဖြူဇရပ် နိုဝင်ဘာ ၁၀

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကျုံကရုတ်ကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်း လုပ်ငန်း များ ဆောင်ရွက်နေမှုအခြေအနေ များကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်း က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် သံဖြူဇရပ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်း နှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင် များနှင့်အတူ ကျုံကရုတ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်း အဝယ်လုပ်ငန်းနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက် ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရ မည့် စာရင်းဇယားများပြည်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါကျုံကရုတ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်း အဝယ်လုပ်ငန်းနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်း သူ စုဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၇၀ ထုတ်ချေးပေးထား ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **ချိုလေး**

ကျောက်ဆည်မြို့နယ် လယ်ကြီးကျေးရွာ၌ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်ဆည် နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက လယ် ကြီးကျေးရွာ၌ အယ်လ်နီညို အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ် ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ကျောက်ဆည် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်မြတ်စုအောင်က အယ်လ်နီညို ကျရောက်လာနိုင် သည့် အခြေအနေများ၊ အယ်လ် နီညိုကျရောက်ပါက ဖြစ်ပေါ်လာ နိုင်သည့် အကျိုးသက်ရောက်မှု များ၊ အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ် ပါက ဌာနမှ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အယ်လ်နီညို သက်ရောက်မှုများကို ကြိုတင် ကာကွယ်နိုင်ရန် အချက်များ၊ ဖြစ်ပွားချိန်တွင် လုပ်ကိုင်ဆောင် ရွက်ရမည့် အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျောက်ဆည် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်း များက အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာ ပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ လယ်ကြီးကျေးရွာမှ ရပ်မိ၊ ရပ်ဖ များနှင့် ကျေးရွာသူ၊ ကျေးရွာသား များ တက်ရောက်ခဲ့ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ သိရသည်။ **အိပိုးပိုး**

ဘဝလမ်း

- ရှင်သန်ရာ ဘဝလမ်း
အလှပန်း ပွင့်စေရာ၊
အခြေခံ အုတ်မြစ်ကောင်း
ထိန်းကျောင်းရမှာ၊
ကြုံတွေ့ရ ဓမ္မတာ
ကံကြမ္မာ ကောင်းအဆိုး၊
ကြောက်စိတ်ပယ် ဉာဏ်ခင်း
ဖြေရှင်းရှေ့တိုး။

- အားလုံးသာ မြတ်ပန်းအလှ
ဖြတ်သန်းရ သုံးပါးအရွယ်၊
အစေ့ငုံ အပင်ဖြစ်
နုသစ်စနယ်၊
ရိုက်ခတ်မှု အသွယ်သွယ်
နှစ်လိုဖွယ် အားသစ်လောင်း၊
တစ်ရုံထွင်
ငုံအသွင် ဖူးအခက်တို့
ကူးစက်စေကြောင်း။

- တစ်ပင်မှာ ငုံတစ်ဖူး
နှစ်ဖူးသို့ အားသစ်နှင်၊
ပတ်ဝန်းကျင် ပမာပြု
သင်ယူမှုဉာဉ်၊
မဆုတ်နစ် ဇွဲကုံးလျှင်
မြဲအဆုံးပင် အရှုံးကင်း၊
စိမ်းတလွင်လွင်
ကိန်းဆင်ကာ လေယူသွေး
မွေးရန်သင်း။

- ဩော်...
သည်ဘဝ သည်စခန်း
သည်ပန်းနှင့် သည်လမ်းတွေ၊
ငြိမ်းချမ်းရာ စိတ်ကိုပျိုး
အကျိုးဖြစ်စေ၊
စာနာမှု စိတ်သန္ဓေ
ဖိတ်လျှံဝေ အစဉ်သ၊
ပန်းအသွင်
လန်းရွှင်စွာ ဖူးအပွင့်ရယ်
ကျူးရင့်ဖွယ် အလှဆန်း
သည်လမ်းသည်ဘဝ။ ။

ကိုမျိုး(ပွင့်ဦး)



ဆန်းသစ်လာမည့် Solid-State ဘက်ထရီနှင့် ခေတ်သစ် EV ကားများ



ဂျပန်နိုင်ငံမှ တိုယိုတာကုမ္ပဏီသည် လာမည့် ၂၀၂၈ ခုနှစ်တွင် Solid-State ဘက်ထရီသုံး EV(လျှပ်စစ်ကား)များ စတင်ထုတ်လုပ်လာရန် ကြိုးပမ်းလျက်ရှိသည်။ ပိုမိုပေါ့ပါးပြီး အားသွင်းနှုန်း ပိုမြန်သည့် Solid-State ဘက်ထရီများသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်လာသည်။ Solid-State ဘက်ထရီများကို မည်သို့သောကားအမျိုးအစားများ၌ အသုံးပြုမည်ဆိုသည်ကို တိုယိုတာကုမ္ပဏီက မကြာမီအချိန်အတွင်း ချပြလာတော့မည်ဖြစ်သည်။

လျှပ်စစ်ကားများ၏ ဘက်ထရီများက နေရာယူလွန်းသည့်အပြင် အားသွင်းရန်အချိန်ကြာလွန်းလှသည်။ ဘက်ထရီကြောင့် ကား၏အလေးချိန်လေးလံလွန်းလှသဖြင့် လူကြိုက်များသင့်ပါလျက် မများဘဲ ဝယ်ယူရန်တွန့်ဆုတ်လျက်ရှိနေသည်။ သို့သော်လည်း သေးငယ်ပြီး ပိုမိုပေါ့ပါးသည့်အားသွင်းနှုန်းပိုမိုမြန်ဆန်သည့် ဘက်ထရီဆဲလ်မျိုးသာရှိခဲ့မည်ဆိုလျှင် အဆိုပါပြဿနာများအားလုံးကို ဖြေရှင်းပြီးသားဖြစ်သွားမည်ဖြစ်သည်။ တိုယိုတာကုမ္ပဏီသည် အဆိုပါအခြေအနေကို ဆန်းသစ်နိုင်ရန်အတွက် အထူးပြင်ဆင်ဆောင်ရွက်နေပြီး နည်းပညာကိုလည်း ရှာဖွေတွေ့ရှိထားကာ အကောင်အထည်ဖော်ရန် အဆင်သင့်ရှိနေပြီဖြစ်သဖြင့် မကြာမီတွင် တိုယိုတာကုမ္ပဏီ၏ Solid-State ဘက်ထရီ EV (လျှပ်စစ်ကား)များကို လမ်းမတွေထက်တွင် မြင်တွေ့လာရတော့မည်ဖြစ်သည်။

ပုံမှန်ဘက်ထရီသုံး EV ကားများထက် ပတ်ဝန်းကျင်၌ Solid-State ဘက်ထရီ(SSBs)သုံး EV ကားများအပေါ် ဝယ်ယူသူများက စိတ်ဝင်စားမှုရှိနေကြသည်မှာအမှန်ပင်ဖြစ်သည်။ Solid-State ဘက်ထရီဆိုသည်မှာ ပုံမှန်သုံးနေကျဖြစ်သည့် အရည်ကျယ်လိမ်းအီလက်ထရိုလိုက် (Messy gel electrolyte) အစားအစိုင်အခဲအီလက်ထရိုလိုက်(Solid electrolyte)ကို ပြောင်းလဲအသုံးပြုခြင်းကြောင့် ပိုမိုကျစ်လျစ်ပြီး စွမ်းအင်သိပ်သည်းဆမြင့်မားသည့် ဘက်ထရီမျိုးကို ရရှိစေမည်ဖြစ်သည်။

လက်ရှိ စမ်းသပ်မှုအောင်မြင်ထားပြီးဖြစ်သည့် Solid-State ဘက်ထရီများသည် ကြီးမားသည့် အနှောင့်အယှက်(ဥပမာ- ဘက်ထရီထိုးဖောက်ခံရမှု) ရှိလာခဲ့လျှင်ပင် ပေါက်ကွဲနိုင်ခြေက အလွန်နည်းပါးသည်။ ထို့ကြောင့် ခေတ်သစ် EV ကားများအတွက် Solid-State ဘက်ထရီက အောင်မြင်မှုတစ်ခုဖြစ်လာသည်။ လတ်တလောတွင် တန်ဖိုးသင့်တင့်ပြီး ကောင်းမွန်သည့်အရည်အသွေးနှင့်ဘက်ထရီများကို မည်သည့်ကုမ္ပဏီကမှ အမြောက်အမြားထုတ်လုပ်နိုင်သည့်နည်းပညာကို အပြည့်အဝဖော်ဆောင်နိုင်မှု မရှိသေးပေ။

သို့သော် အဆိုပါအခက်အခဲပြဿနာများကို တိုယိုတာကုမ္ပဏီက လာမည့် ၂၀၂၈ ခုနှစ်တွင် ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ပြီး တိုယိုတာကုမ္ပဏီ၏ထုတ်ပြန်ချက်အရ Solid-State ဘက်ထရီကို အစောဆုံး ၂၀၂၇ ခုနှစ်၊ နောက်အကျဆုံး ၂၀၂၈ ခုနှစ်တွင် အောင်မြင်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တိုယိုတာကုမ္ပဏီ၏ ကာဗွန်ကြားနေရေးဆိုင်ရာ အဆင့်မြင့်အင်ဂျင်နီယာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဥက္ကဋ္ဌဖြစ်သူ Keiji Kaita က ဂျပန်မော်တော်ကားပြပွဲ (Japan Mobility Show)တွင် Solid-State ဘက်ထရီများသည် စွမ်းအားမြင့်မားခြင်း၊ အရွယ်အစားကျစ်လျစ်ခြင်း၊ ခရီးမိုင်ရှည်သွားနိုင်ခြင်းနှင့် သက်တမ်းရှည်ကြာခြင်းဆိုသည့် အားသာချက်များရှိသဖြင့် အဆိုပါ Solid-State ဘက်ထရီများတွင် လစ်သီယမ်ဓာတုဗေဒကိုသာ အသုံးပြုနေဦးမည်ဖြစ်သည်ဟုဆိုသည်။ Solid-State ဘက်ထရီကိုတပ်ဆင်ထားသည့် EV ကားများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးများစွာရရှိစေမည်လည်းဖြစ်သည်။ Solid-State ဘက်ထရီတပ်ဆင်ထားသော EV ကားများသည် ကာဗွန်ကိုလျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ထို့ပြင်လက်ရှိအသုံးပြုနေသည့် ဘက်ထရီများနှင့်နှိုင်းယှဉ်လျှင် Solid-State ဘက်ထရီ၏သက်တမ်းက လေးဆခန့်ပိုမိုသက်တမ်းရှည်နိုင်သည့်အပြင် ကာဗွန်ထုတ်လုပ်မှုလေးပုံတစ်ပုံ လျော့နည်းစေသည်။

Solid-State ဘက်ထရီက စွမ်းအားမြင့်မားမှု၊ အရွယ်အစားကျစ်လျစ်မှု၊ ခရီးဝေးသွားနိုင်မှု၊ အခြားဘက်ထရီများထက် သက်တမ်းရှည်ကြာမှု စသည့်အရည်အသွေးများ ရှိနေသည်။ Solid-State ဘက်ထရီအတွက် ရင်းနှီးမြှုပ်နှံမှုမြောက်မြားစွာ ရှိထားခြင်းကြောင့် အဆိုပါစိုက်ဝင်ထားသည့်ရင်းနှီးမြှုပ်နှံမှုများကို အမြန်ဆုံးပြန်လည်ရရှိအောင် တိုယိုတာကုမ္ပဏီ၏ အရောင်းရဆုံးသောကားအမျိုးအစားများဖြစ်သော Lexus၊ V10 LFA၊ V10 LFA၊ Sport Concept၊ Electrified Sport များအပြင် ဇိမ်ခံကားသစ်ဖြစ်သည့် Century များတွင် အသုံးပြုကာ ပွဲဦးထွက်လာနိုင်သည်။

ထို့ပြင် ပိုမိုထိရောက်ပြီး သေးငယ်အားကောင်းသည့်ဘက်ထရီများကို Corolla၊ Prius နှင့် RAV4 များ၏ နောင်လာမည့်မျိုးဆက်သစ်များတွင်လည်း အသုံးပြုသွားရန် အခြေအနေရှိသည်။

ကမ္ဘာ့မော်တော်ကားလောကတွင် နည်းပညာပြိုင်ဆိုင်မှုများက ပိုမိုပြင်းထန်လာမှုရှိနေသည်။ တိုယိုတာကုမ္ပဏီက ၎င်းတို့၏ Solid-State ဘက်ထရီဆန်းသစ်မှုကို ထုတ်ဖော်လိုက်သကဲ့သို့ အခြားမော်တော်ကားကုမ္ပဏီများကလည်း နည်းပညာကို သူ့ထက်ငါဦးအောင် လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် နည်းပညာဆန်းသစ်သည့် ဘက်ထရီများကို မည်သည့်ကုမ္ပဏီက လက်ဦးမှုရသွားနိုင်မလဲဆိုသည်ကို စောင့်ကြည့်ရဦးမည်သာဖြစ်သည်။

မောင်မောင်စွယ်စုံထွန်း

EV ၏ အားသာချက်များ

- **ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့နည်းခြင်း:** မီးခိုးငွေ့ထွက်ရှိမှုလုံးဝမရှိပါ။
- **လောင်စာဆီသက်သာခြင်း:** ဓာတ်ဆီ၊ ဒီဇယ်ကုန်ကျစရိတ်ထက် လျှပ်စစ်ဓာတ်အား၌ ပိုမိုသက်သာသည်။
- **ထိန်းသိမ်းစရိတ်နည်းပါးခြင်း:** အင်ဂျင်ဝိုင်လဲလှယ်ရန်မလိုဘဲ စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်း ပိုမိုနည်းပါးသည်။

EV ၏ အားနည်းချက်များ

- **အားသွင်းရန်ကြာမြင့်ချိန်:** ဘက်ထရီအပြည့်အဝရရှိရန် အချိန်အနည်းငယ်စောင့်ဆိုင်းရသည်။
- **အားသွင်းစခန်းအခက်အခဲ:** အားသွင်းစခန်း(Charging Station) များနှင့် အခြေခံအဆောက်အအုံ လုံလောက်မှုမရှိသေးသောနေရာများတွင် အခက်အခဲရှိနိုင်သည်။
- **ဘက်ထရီသက်တမ်းနှင့် ကုန်ကျစရိတ်:** နှစ်အတန်ကြာလာပါက ဘက်ထရီလဲလှယ်ရမည့် ကုန်ကျစရိတ်မြင့်မားခြင်း။

❖ Solid-State ဘက်ထရီကို တပ်ဆင်ထားသည့် EV ကားများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများစွာရရှိစေမည်လည်းဖြစ်သည်။ Solid-State ဘက်ထရီတပ်ဆင်ထားသော EV ကားများသည် ကာဗွန်ကိုလျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ထို့ပြင် လက်ရှိအသုံးပြုနေသည့် ဘက်ထရီများနှင့်နှိုင်းယှဉ်လျှင် Solid-State ဘက်ထရီ၏သက်တမ်းက လေးဆခန့်ပိုမိုသက်တမ်းရှည်နိုင်သည့်အပြင် ကာဗွန်ထုတ်လုပ်မှုလေးပုံတစ်ပုံ လျော့နည်းစေသည်။ ❖

EV ကားအမျိုးအစားစွာရှိပြီး ၎င်းတို့မှာ-

- **BEV (Battery Electric Vehicle):** လျှပ်စစ်ဘက်ထရီသက်သက်ဖြင့်သာ မောင်းနှင်သည့်လျှပ်စစ်ကားများ။
- **PHEV (Plug-in Hybrid Electric Vehicle):** လျှပ်စစ်နှင့်ဓာတ်ဆီ နှစ်မျိုးစလုံးကို အသုံးပြုနိုင်ပြီး ပြင်ပမှ လျှပ်စစ်ထိုးသွင်း (Plug-in) အားသွင်းနိုင်သောကားများ။
- **HEV (Hybrid Electric Vehicle):** ဓာတ်ဆီအင်ဂျင်နှင့် လျှပ်စစ်ဘက်ထရီတို့ကို ပေါင်းစပ်ထားသော်လည်း ပြင်ပမှအားသွင်းစရာမလိုဘဲ မောင်းနှင်ရင်း အလိုအလျောက်အားပြန်ပြည့်သောကားများ။

အချုပ်အားဖြင့်ဆိုရသော် Solid-State ဘက်ထရီအမျိုးအစားသစ်သုံး EV ကားများသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သဖြင့် Solid-State ဘက်ထရီအမျိုးအစားသစ်ကို ကျယ်ကျယ်ပြန့်ပြန့်တီထွင်နိုင်လာမည်ဆိုလျှင် EV ကားလောကသည် လွန်စွာပြောင်းလဲသွားမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား

- **Inside EV fb page and AI facts.**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကသာ နိုင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၆၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၇၂၃၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေပဲဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေပဲစိုက်တောင်သူများ အနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်း မွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခူပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခူပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခူပိသာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးခူပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူများ တင်ပို့ရောင်းချလာရသည့်အတွက် ငါးခူမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။



"ပြီးခဲ့တဲ့ အောက်တိုဘာလ အတွင်း ငါးခူပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်စျေးကွက်ကို ရေထွက်ကုန်တွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခူ ၁၀ ပိသာလျှင် ငွေကျပ် ၂၂၀၀၀၀ မှ ၂၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မကွေးမြို့နယ် ချောင်းဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

မကွေး နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ချောင်းဖြူကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ချောင်းဖြူကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ချောင်းဖြူကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သန်း ဖြင့် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများက ကိုယ်တိုင် အောက်တိုဘာ ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

အထွေး

မော်လမြိုင်မြို့နယ် ပတ္တလူးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

မော်လမြိုင် နိုဝင်ဘာ ၁၀

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပတ္တလူးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ပတ္တလူးကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့် ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ပတ္တလူးကုန်းကျေးရွာ၌ အနက် ပေ ၂၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း ပေ ၁၃၀၀ သွယ်တန်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၉၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် သီးသန့်ကမ္ဘာကုမ္ပဏီမှတာဝန်ယူ၍ ယခုနှစ်ဩဂုတ်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက ပတ္တလူးကုန်းကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေကို ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးထံမှ သိရသည်။

သုတ

ကော့ကရိတ်မြို့နယ် နောင်ထပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကော့ကရိတ် နိုဝင်ဘာ ၁၀

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ထပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နောင်ထပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀၄ သိန်း ထုတ်ချေးပေးထားကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့ထံမှ သိရသည်။

နိုင်နိုင်



အသည်းကင်ဆာအကြောင်း သိကောင်းစရာ

ဒေါက်တာအောင်ညွန့်ပိုင်

အသည်းကင်ဆာဆိုသည်မှာ အသည်းအတွင်းရှိ ဆဲလ်များ ပုံမှန်မဟုတ်ဘဲ အထိန်းအကွပ်မဲ့ ပွားများလာပြီး အကျိတ်အဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။

အသည်းကင်ဆာ အမျိုးအစားများ

မူလအသည်းကင်ဆာသည် အသည်းဆဲလ်များမှ စတင်ဖြစ်ပွားသော ကင်ဆာဖြစ်သည်။ အဖြစ်အများဆုံး ကင်ဆာအမျိုးအစားမှာ Hepatocellular Carcinoma(HCC)ဖြစ်ပြီး အသည်းကင်ဆာအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ရှိသည်။ အခြားအမျိုးအစားတစ်ခုမှာ သည်းခြေပြွန်မှစတင်သော သည်းခြေပြွန်ကင်ဆာဖြစ်သည်။

ဆင့်ပွားအသည်းကင်ဆာသည် အခြားအင်္ဂါအစိတ်အပိုင်းများဖြစ်သည့် အူမကြီး၊ အဆုတ်၊ ရင်သားမှတစ်ဆင့် ကင်ဆာဆဲလ်များ အသည်းသို့ ပျံနှံ့လာခြင်းဖြစ်သည်။

အသည်းကင်ဆာသည် အမျိုးသမီးများထက် အမျိုးသားများတွင် ပိုမိုအဖြစ်များသည်။ အသက် ၅၀ ကျော်အရွယ်များတွင် ပိုမိုတွေ့ရှိရသော်လည်း နာတာရှည် အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး အခံရှိသော အသက်အရွယ်ငယ်သူများတွင်လည်း ဖြစ်ပွားနိုင်သည်။

ဖြစ်ပွားရသည့်အကြောင်းရင်းနှင့် ရောဂါလက္ခဏာများ

အသည်းကင်ဆာသည် ကျန်းမာသော အသည်းတွင် ရုတ်တရက်ဖြစ်ခဲသည်။ များသောအားဖြင့် ရေရှည် အသည်းပျက်စီးမှုများမှတစ်ဆင့် ဖြစ်ပွားတတ်သည်။ နာတာရှည် အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုးများသည် အသည်းဆဲလ်များကို ရေရှည်ရောင်ရမ်းစေပြီး ကင်ဆာဆဲလ်အဖြစ် ပြောင်းလဲစေသည်။ အကြောင်းအမျိုးမျိုးကြောင့် အသည်းအမာရွတ်ထင်ပြီး အသည်းခြောက်လျှင် အသည်းကင်ဆာဖြစ်ရန် ရာခိုင်နှုန်းအလွန်များသည်။ အရက်ကြောင့် အသည်းအဆီဖုံးခြင်း၊ အသည်းရောင်ခြင်းမှတစ်ဆင့် အသည်းခြောက်ကာ အသည်းကင်ဆာဖြစ်စေနိုင်သည်။

ဆီးချိုရောဂါ၊ အဝလွန်ခြင်းနှင့် သွေးတိုးရောဂါရှိသူများတွင် အသည်း၌ အဆီစုပုံရာမှ အသည်းခြောက်ပြီး အသည်းကင်ဆာဖြစ်နိုင်သည်။ သေချာစွာ မသိမ်းဆည်း၍ မှိုတက်နေသော မြေပဲ၊ ငရုတ်သီးမှုန့်၊ ပြောင်းဖူးနှင့် ကောက်ပဲသီးနှံများကို စားသုံးမိခြင်းကြောင့်လည်း အသည်းကင်ဆာဖြစ်နိုင်သည်။


သတိပြုရမည့် ရောဂါလက္ခဏာများ

အသည်းကင်ဆာ၏ အစောပိုင်းအဆင့်တွင် မည်သည့်လက္ခဏာမှ မပြတတ်သော်လည်း ရောဂါရင့်လာပါက အောက်ပါလက္ခဏာများ ပြလာတတ်သည်။

- အကြောင်းရင်းမရှိဘဲ ဝိတ်ကျသွားခြင်း၊
- အစားအသောက်ပျက်ခြင်း၊
- ဗိုက်အပေါ်ပိုင်း (အထူးသဖြင့် ညာဘက်နံရိုး အောက်) အောင့်ခြင်း၊
- အလုံးစမ်းမိခြင်း၊
- အသည်းကြီးလာသဖြင့် ရင်ပြည့်ရင်ကယ်ဖြစ်ပြီးပျို့အန်ခြင်း၊
- မျက်လုံးနှင့် အရေပြားများ ဝါလာခြင်း (အသားဝါရောဂါ)၊
- ဗိုက်ထဲတွင် ရေဖျဉ်းစွဲလာခြင်း (ဗိုက်ဖောင်းလာခြင်း)၊
- ခြေထောက်များ ဖောရောင်ခြင်း၊
- အလွန်အမင်း နုံးချည့်ပြီး မောပန်းလွယ်ခြင်း။

ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းအဆင့်ဆင့်

အသည်းကင်ဆာ ဟုတ်၊ မဟုတ် အတည်ပြုရန် သွေးစစ်ခြင်း၊ ပုံရိပ်ဖော်စစ်ဆေးခြင်းနှင့် အသည်း



အသားစယူစစ်ဆေးခြင်းများ ပြုလုပ်ရမည်။ သွေးထဲတွင် အသည်းကင်ဆာဓာတ်ခွဲအဖြေ မြင့်တက်နေခြင်း ရှိ၊ မရှိ စစ်ဆေးရမည်။

အသည်း တယ်လီဗေးရှင်းဓာတ်မှန် (Ultra-sound) ရိုက်ခြင်း၊ ကွန်ပျူတာဓာတ်မှန် (CT Scan) သို့မဟုတ် သံလိုက်ဓာတ်မှန် (MRI Scan) များဖြင့် ကင်ဆာကျိတ်၏ အရွယ်အစားနှင့် တည်နေရာကို အတိအကျ ကြည့်နိုင်သည်။

လိုအပ်ပါက ကင်ဆာကျိတ်မှ အသားစအနည်းငယ်ကိုယူကာ ဓာတ်ခွဲခန်းတွင် ကင်ဆာဆဲလ် ဟုတ်၊ မဟုတ် စစ်ဆေးကြည့်နိုင်သည်။

ကုသခြင်းနည်းလမ်းများ

ကင်ဆာအဆင့်၊ ကင်ဆာကျိတ်အရွယ်အစားနှင့် လူနာ၏အသည်းလုပ်ငန်းဆောင်တာအပေါ် မူတည်၍ ကုသမှုကွဲပြားသည်။ ကင်ဆာကျိတ်သေးငယ်ပြီး အသည်းမခြောက်သေးပါက ကင်ဆာရှိသော အစိတ်အပိုင်းကို ခွဲစိတ်ဖြတ်တောက် ကုသနိုင်သည်။ ကင်ဆာအစောပိုင်းအဆင့်ဖြစ်ပြီး အသည်းပါ လုံးဝ ခြောက်နေပါက အသည်းအသစ်အစားထိုး လဲလှယ်ခြင်းသည် အကောင်းဆုံးကုထုံးဖြစ်သည်။

ခွဲစိတ်ရန်မလိုဘဲ ကင်ဆာကျိတ်ထဲသို့ အပ်စိုက်ကာ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဖြင့် ကင်ဆာဆဲလ်ကို ဖျက်ဆီးနိုင်သည်။ ကင်ဆာကျိတ်ဆီသို့ သွားသော သွေးကြောကို ပိတ်ဆို့ပြီး ကင်ဆာဆေးကို တိုက်ရိုက်ထည့်သွင်းကာ အကျိတ်ကို ကျုံ့သွားစေနိုင်သည်။

ပစ်မှတ်ထားကုထုံးနှင့် ကိုယ်ခံအားမြှင့်ကုထုံးသည် ရောဂါရင့်နေသော အဆင့်များတွင် ကင်ဆာဆဲလ်များကိုသာ ရွေးချယ်တိုက်ဖျက်သည့် သောက်ဆေး၊ ထိုးဆေးများဖြင့် လူနာသက်တမ်းရှည်စေရန် ကုသခြင်းဖြစ်သည်။

ပစ်မှတ်ထားကုထုံး

ကင်ဆာဆဲလ်များ အာဟာရမရစေရန်နှင့် သွေးကြောအသစ်မပွားနိုင်စေရန် တားဆီးပေးသည့် Lenvatinib ကဲ့သို့သော ခေတ်မီ သောက်ဆေးများဖြင့် ကုသခြင်းဖြစ်သည်။ ၎င်းဆေးသည် ခွဲစိတ်ရန် မရနိုင်တော့သော သို့မဟုတ် ကင်ဆာရင့်နေသော အဆင့်များတွင် ကင်ဆာကျိတ်ပွားများမှုကို ထိန်းချုပ်ပေးသည်။ လူနာသက်တမ်းရှည်စေရန် အထူးထိရောက်သည်။

ကာကွယ်ခြင်းနှင့် ရေရှည်စောင့်ရှောက်ခြင်း

ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သည်ဟု ဆိုသည့်အတိုင်း အသည်းကင်ဆာ မဖြစ်စေရန် ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများရှိသည်။

နေထိုင်ရမည့် ပုံစံနှင့် ကာကွယ်နည်းများ

ဘီပိုးကာကွယ်ဆေးထိုးပါ။ ဘီပိုးကာကွယ်ဆေးသုံးကြိမ် ပြည့်အောင်ထိုးခြင်းဖြင့် အသည်းကင်ဆာဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချနိုင်သည်။

ဗိုင်းရပ်စ်ပိုးရှိပါက စနစ်တကျကုသပါ။ မိမိတွင် အသည်းရောင်အသားဝါ ဘီပိုး သို့မဟုတ် စီပိုး ရှိနေပါက ဆရာဝန်နှင့်ပြသပြီး ပိုးသတ်ဆေး၊ ပိုးထိန်းဆေးများကို စနစ်တကျသောက်သုံးရမည်။

အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ပါ။ မှိုတက်နေသော အစားအစာများ (ငရုတ်သီးမှုန့်၊ မြေပဲဟောင်း)ကို ရှောင်ပါ။ အဆီအအိမ် လျှော့စားပြီး အသီးအရွက်ပိုစားပါ။

ကိုယ်အလေးချိန်ထိန်းပြီး လေ့ကျင့်ခန်းလုပ်ပါ။ အသည်းအဆီဖုံးခြင်းမှ ကာကွယ်ရန် ကိုယ်အလေးချိန် ထိန်းညှိပါ။

အသည်းကင်ဆာ ကြိုတင်ရှာဖွေခြင်း

အသည်းကင်ဆာသည် အစောပိုင်းတွင် လက္ခဏာမပြတတ်သဖြင့် အောက်ပါအန္တရာယ်ရှိ အုပ်စုဝင်များသည် ရောဂါလက္ခဏာမရှိသော်လည်း ခြောက်လ တစ်ကြိမ် ပုံမှန်အသည်းဓာတ်မှန်ရိုက်ခြင်းနှင့် သွေးစစ်ဆေးခြင်းများ ပြုလုပ်သင့်သည်။

- နာတာရှည် အသည်းရောင်အသားဝါ ဘီပိုး သို့မဟုတ် စီပိုးရှိသူများ။
- အကြောင်းအမျိုးမျိုးကြောင့် အသည်းခြောက်နေသူများ။
- မိသားစုမျိုးရိုးထဲတွင် အသည်းကင်ဆာဖြစ်ဖူးသည့် ရာဇဝင်ရှိသူများ။

အယူအဆအမှားများ

အသည်းကင်ဆာသည် တံတွေးမှတစ်ဆင့် မကူးစက်ပေ။ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးသည် အတူစားသောက်ခြင်း၊ ပွေ့ဖက်ခြင်း၊ နှုတ်ဆက်ခြင်း စသည်တို့မှတစ်ဆင့် မကူးစက်ပေ။ သွေး၊ လိင်ဆက်ဆံခြင်း၊ ပိုးရှိသောမိခင်မှတစ်ဆင့် ကလေးသို့ ကူးစက်ခြင်းနှင့် ဆေးထိုးအပ် အတူသုံးခြင်းတို့မှတစ်ဆင့် ကူးစက်နိုင်သည်။

အသားဝါတိုင်း အသည်းကင်ဆာမဟုတ်ပေ။ အသားဝါခြင်းသည် သည်းခြေကျောက်တည်ခြင်း၊ ဌက်ဖျားမိခြင်း သို့မဟုတ် သာမန်အသည်းရောင်ခြင်းကြောင့်လည်း ဖြစ်နိုင်သဖြင့် ဆရာဝန်နှင့် သေချာပြသရန် လိုအပ်သည်။

နေ့စဉ် ဆောင်ရန်၊ ရှောင်ရန်များ

အသည်းကင်ဆာရှိသူများ ရှောင်ရန် အစားအစာများမှာ ပဲလှော်၊ မြေပဲဆီ အညှစ်စား၊ ငရုတ်သီးမှုန့်ဟောင်းများ (မှိုဆိပ်ပါနိုင်ခြေ အများဆုံး)ဖြစ်သည်။

အသည်းကင်ဆာရှိသူများ ဆောင်ရန် အချက်များမှာ တစ်ကိုယ်ရေသုံးပစ္စည်းများဖြစ်သည့် သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ဓား၊ လက်သည်းညှပ် စသည်တို့ကို သီးသန့်သုံးစွဲခြင်းဖြစ်သည်။

ကူးစက်မှု အလွယ်ဆုံးလမ်းကြောင်းကို သတိပေးခြင်း

အလှပြင်ဆိုင်များနှင့် တက်တူးဆိုင်များတွင် နားဖောက်ခြင်း၊ တက်တူးထိုးခြင်း၊ လက်သည်းခြေသည်းညှပ်ခြင်း စသည်တို့ ပြုလုပ်သောအခါ အပ်နှင့်ကိရိယာများကို သေသေချာချာ ပိုးသတ်ထားခြင်း ရှိ၊ မရှိ သတိပြုရန် လိုအပ်သည်။

အသည်းကင်ဆာရောဂါသည် ကြောက်စရာကောင်းသော်လည်း အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးကို စောစီးစွာ ကုသခြင်း၊ အရက်ရှောင်ခြင်း စသည်တို့ဖြင့် ကြိုတင်ကာကွယ်နိုင်သည်။ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး ရှိသူများအနေဖြင့် ခြောက်လ တစ်ကြိမ် ပုံမှန်စစ်ဆေးခြင်းဖြင့် အသည်းကင်ဆာကို အစောဆုံးအဆင့်တွင် ရှာဖွေတွေ့ရှိနိုင်ပြီး ကုသမှုခံယူနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

မှတ်ပုံတင်မော်တော်ယာဉ်များအား လုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြုံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအား လုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



မလေးရှားနိုင်ငံ ဆီလန်ဂေါနှင့် ပီရက်ပြည်နယ်တို့တွင် ရေကြီးမှုကြောင့် လူရာနှင့်ချီ ဘေးလွတ်ရာရွှေ့ပြောင်း

ကွာလာလမ်ပူ နိုဝင်ဘာ ၁၀

မလေးရှားနိုင်ငံ ဆီလန်ဂေါနှင့် ပီရက်ပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုဝင်ဘာ ၈ ရက်က ရုတ်တရက်ရေကြီးမှုများဖြစ်ပွားခဲ့ပြီး ဒေသခံရာနှင့်ချီ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားရကြောင်း နိုဝင်ဘာ ၉ ရက်သတင်းများအရ သိရသည်။

ဆီလန်ဂေါပြည်နယ်တွင် ရေဘေးသင့်ပြည်သူ ၅၀၇ ဦးသည် ယာယီခိုလှုံရေးစခန်းငါးခု၌ ခိုလှုံနေရပြီး ပီရက်ပြည်နယ် ဟီလီယာ ပီရက်ခရိုင်တွင်လည်း ရေဘေးသင့်ပြည်သူ ၄၁၄ ဦးသည် ယာယီခိုလှုံရေး စခန်းများသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်း၊ ထို့ပြင် မန်ဂျွန်းခရိုင်တွင် ရေဘေးသင့်ပြည်သူ ၂၆ဦး ယာယီခိုလှုံရေးစခန်းတွင် ဆက်လက်နေထိုင်နေရကြောင်း သိရသည်။

လက်ရှိဆီလန်ဂေါပြည်နယ်တွင် ရေဘေးသင့်ပြည်သူ ဦးရေ ၄၀၀၀ ကျော် ယာယီခိုလှုံရေးစခန်းများ၌ နေထိုင်ခဲ့ရပြီး ပီရက်ပြည်နယ်တွင် ရေဘေးသင့်သူ အရေအတွက် ဆက်လက် မြင့်တက်နေသဖြင့် ကယ်ဆယ်ရေးအဖွဲ့များက အခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

မလေးရှား မိုးလေဝသဌာနက ပီရက်ပြည်နယ်ရှိ ခရိုင်အားလုံးတွင် မိုးရွာသွန်းခြင်းနှင့် မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသဖြင့် ရေကြီးမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်သည့် အန္တရာယ်ကို သတိပြုရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

နိုင်ဂျီးရီးယားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားပြီး သစ်တောမြေ ၂၁၈၉၉ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့

အာဘူဂျာ နိုဝင်ဘာ ၁၀

နိုင်ဂျီးရီးယားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ပြီး သစ်တောမြေ ၂၁၈၉၉ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့ကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

နိုဝင်ဘာ ၃ ရက်မှ ယနေ့ထိ တောမီးလောင်မှုများဆက်လက်ဖြစ်ပွားနေပြီး မီးလောင်ပျက်စီးသည့် သစ်တောမြေမှာ ၂၁၈၉၉ ဟက်တာခန့်ထိ ရှိလာခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ဧရိယာအတွင်း လူဦးရေ ၂၀၀ ကျော် နေထိုင်လျက်ရှိကြောင်း ဂြိုဟ်တုမှရရှိသောအချက်အလက်များအရ သိရသည်။

တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားပြီး သစ်တောမြေများ မီးလောင် ပျက်စီးခြင်းကြောင့် မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်ပစ္စည်းများ ဆုံးရှုံးခြင်း၊ မြေဆီလွှာအရည်အသွေး ကျဆင်းခြင်းနှင့် မိုးရွာသွန်းချိန်တွင် မြေဆီလွှာတိုက်စားမှုများဖြစ်ပေါ်လာနိုင်သည်။

အဆိုပါ တောမီးများမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များသည် လေထုအတွင်း ပျံ့နှံ့နိုင်ပြီး အနီးဝန်းကျင်ဒေသများရှိ ပြည်သူများအတွက် အသက်ရှူလမ်းကြောင်း ဆိုင်ရာ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ အထူးသဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအခံရှိသူများအနေဖြင့် ပိုမိုဂရုစိုက်နေထိုင်ကြရန်လိုကြောင်း အာဏာပိုင်များက သတိပေးထားသည်။

ဒေသအာဏာပိုင်များက တောမီးလောင်ကျွမ်းမှုများ ဆက်လက်မပြန့်ပွားစေရေး၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်ပျက်စီးမှု လျော့နည်းစေရေး၊ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်နိုင်ရေးတို့အတွက် မီးဘေးအန္တရာယ် စောင့်ကြည့်စစ်ဆေးခြင်း၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ခြင်းနှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

တူကီယဲနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေး ဒရုန်းအကူအညီဖြင့် မီးငြိမ်းသတ်ရန် စီစဉ်နေ



အင်ကာရာ နိုဝင်ဘာ ၁၀

တူကီယဲနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများကို အမြန်ဆုံးထိန်းချုပ်နိုင်ရေး ဒရုန်းအကူအညီဖြင့် မီးငြိမ်းသတ်ရန်စီစဉ်နေကြောင်း စိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၉ ရက်သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုဖြစ်စဉ် ဖြစ်ပွားသည့်နေရာများမှာ မြေပြင်မှငြိမ်းသတ်ရန် ခက်ခဲသည့် နေရာများ ဖြစ်သည့်အတွက် ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဒရုန်းအကူအညီများဖြင့် တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် စီစဉ်နေခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီး အီဗရာဟင်မ်က ပြောကြားခဲ့သည်။

"နှစ်စဉ်နှစ်တိုင်း တောမီးလောင်ကျွမ်းမှုတွေနဲ့ ရင်ဆိုင်နေရတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်တိုင်းလဲ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိခဲ့တယ်။ ဒါကြောင့် တောမီးကို လူအင်အားမသုံးဘဲ အဆင့်မြင့်နည်းပညာကို အသုံးပြုပြီး ထိရောက်စွာ ငြိမ်းသတ်နိုင်ဖို့ ပြင်ဆင်နေပါတယ်။ ဒရုန်းကို တောမီးလောင်ကျွမ်းမှုဖြစ်ပွားတဲ့နေရာတွေ ကင်းထောက်တဲ့နေရာမှာ အသုံးပြုနေတယ်။ အခုကတော့ တောမီးကို ဒရုန်းနဲ့ငြိမ်းသတ်နိုင်တဲ့ အနေအထားထိဖန်တီးဖို့ စီစဉ်နေပါတယ်"ဟု စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး အီဗရာဟင်မ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဗျာသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၃၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၂၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၁၅၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၁၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၇၅၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ဘိလပ်မြေကုမ္ပဏီ(တန်–၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေကုမ္ပဏီ(တန်–၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းမျိုအမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



ဘိလပ်မြေကုမ္ပဏီ(တန်–၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၂၃
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၃၀၉၇

ဘိလပ်မြေကုမ္ပဏီ(တန်–၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၃၇၃၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၆၇၀

STARMART Showroom များတွင်
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင်
ဆုတ်ကုန်ပန္နဒြေးအမျိုးမျိုးကို
ဒီဇင်္ဂနာမရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။



STARMART MANDALAY Wholesale
၂လမ်းနှင့်၆၆လမ်းထောင့်၊ အောင်ဓမြသာစံ၊ မန္တလေးမြို့
ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄





ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/ခ)၊ အကွက်အမည် ပုလဲတန်းကွင်း၊ ဦးပိုင်အမှတ် (၄၆)၊ ဧရိယာ (၀.၂၁၅)ကေရှိသည့်အနက်မှ ဧရိယာ (၀.၀၆၉)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် – ဦးပိုင်အမှတ်–၄၆ ကျန်မြေ
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်–၄၇/က၊ ၄၇/ဃ
(ဂ) တောင်လားသော် – လမ်း
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်–၄၆ ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ဆွေဆွေအောင်** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/ခ)၊ အကွက်အမည် ပုလဲတန်းကွင်း၊ ဦးပိုင်အမှတ် (၄၆)၊ ဧရိယာ (၀.၂၁၅)ကေရှိသည့်အနက်မှ ဧရိယာ (၀.၀၆၈)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် – လမ်း
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်–၄၆ ကျန်မြေ
(ဂ) တောင်လားသော် – လမ်း
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်–၄၆ ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးကျော်လွင်ဦး + ဒေါ်ဇင်မာအောင်** တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွေတိုက် ကိုစိုး

ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့၊ ပေါက်နေဝပ်ရပ်ကွက်နေ မောင်ဇော်မင်းထိုက် (ဘ) ဦးကျော်ဝင်း(၁၃/နခန(နိုင်)၁၀၆၈၉၆)၏ နိုင်ငံကူးလက်မှတ် အမှတ်(MK-692363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-780571032

ပျောက်ဆုံးကြောင်း

ဗန်းမော်မြို့၊ (၂)မိုင်အောင်သာရပ်ကွက်နေ မဘောက်ဂျာ (ဘ) ဦးလဂျာ(၁/ဗမန(နိုင်)၁၃၁၅၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-056924)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-791175845

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ပေါက်တောရပ်ကွက် (၂)နေ ကိုဝင်းကို (ဘ) ဦးဝင်းခိုင်(၉/ကဆန(နိုင်)၁၄၇၀၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-788888813၊ 09-400000235

အဖိုးတန်ရေချိုကို ချွေတာပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၊
၀၆၇-၈၁၀၃၃၃၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရတနာပုံ ယနေ့ဗတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ - ၁၈

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် TNLA အဖွဲ့မှ ဗျူဟာမှူးအဆင့်ရှိသူတစ်ဦး အပါအဝင် အဖွဲ့ဝင်ဦးရေ ၂၀၀ တို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် TNLA အဖွဲ့မှ ဗျူဟာမှူးအဆင့်ရှိ ဂူဆီး အပါအဝင် အမျိုးသား ၁၇၈ ဦးနှင့် အမျိုးသမီး ၂၂ ဦး စုစုပေါင်းဦးရေ ၂၀၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း သို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် TNLA အဖွဲ့ဝင်များကို စာမျက်နှာ ၂၀ ကော်လံ ၁ ☆

ပြည်ကြီးတံခွန်မြို့နယ်အနီး မြေငလျင်လှုပ်ခတ်

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့ည ၆ နာရီ ၃၄ မိနစ် ၂၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ရှစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်ကြီးတံခွန်မြို့နယ်၏ အရှေ့-အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၆ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/၈လ)



လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူသတိပေးပြောကြား

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော် ရန်ကုန်မြို့ရှိ ဂျာမနီသံရုံးယာယီတာဝန်ခံ မစ္စတာ မာသီးရက်စ် လေရှာ့စ်အား သံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ ခေါ်ယူသတိပေးပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က ရန်ကုန်မြို့ရှိ ဂျာမနီသံရုံးယာယီတာဝန်ခံ မစ္စတာ မာသီးရက်စ် လေရှာ့စ်အား ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံ၍ ဂျာမနီသံရုံး၏ လူမှုကွန်ရက်စာမျက်နှာ၌ နိုဝင်ဘာ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော သံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ ခေါ်ယူသတိပေးပြောကြားခဲ့ပြီး သတိထောက်လွှာပေးအပ်ခဲ့သည်။

ထိုသို့ ခေါ်ယူတွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဂျာမနီနိုင်ငံသည် ခိုင်မာသည့် ဒီမိုကရေစီစနစ်ရှိသဖြင့် သံရုံးယာယီတာဝန်ခံအနေဖြင့် နိုင်ငံကြီးသားပီသစွာဖြင့် စာမျက်နှာ ၂၁ ကော်လံ ၃ ❖

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် စာမျက်နှာ ၂၂ ကော်လံ ၁ ◆



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ စာမျက်နှာ ၂၃ ကော်လံ ၁ ■

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ် အဆောက်အအုံကို စနစ်တကျ ဖြိုချဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။



